
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူယောင်မယ်

## ၁၂ နာရီ ၄၇ မိနစ်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၄၂၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၀၆၀၁၁၂
ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ ဧပြီလ
ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(လာဘ်မိုးရွှေစာပေ)
အမှတ် (၂၀၅-က)၊ ပိတောက် ၅-လမ်း၊
မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၀၅၄၁၇)
ရွှေခြသေ့်ပုံနှိပ်တိုက်
အမှတ် (၂၂၅)၊ (၃၂) လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ရွှေမင်းသမီးစာပေ၊
ဖုန်း - ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄

၈၉၅-၈၃
သူယောင်မယ်
၁၂ နာရီ ၄၇ မိနစ် / သူယောင်မယ် - ရန်ကုန် ။
လာဘ်မိုးရွှေစာပေ၊ ၂၀၁၁
၁၃၀ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊
(၁) ၁၂ နာရီ ၄၇ မိနစ်

www.burmeseclassic.com

## ထွက်ပြီးစာရင်း


၁။ ကွင်းပိုင်မောင်နှမ

၂။ ထမင်းလုံးတစ္ဆေ

၃။ ပျဉ်းမတစ္ဆေ

၄။ လိပ်ပြာကြိုး


---

### ယခု

---

၅။ ၁၂ နာရီ ၄၇ မိနစ်

www.burmeseclassic.com

www.burmeseclassic.com

**သူယောင်မယ်**

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# သူယောင်မယ်

# ၁၂ နာရီ ၄၇ မိနစ်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၃ ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

တောင်ကြီးမြို့၏ နေ့ဝင်ရီတရောအချိန်သည် တိတ်ဆိတ်အေးချမ်းလျက် ရှိ၏။

မြို့မဈေးကြီးအနီးရှိ ဆေးခန်းအတွင်းမှ ဗိုက်ကြီးသည် တစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထွက်လာပြီး ဆိုင်ကယ်ရပ်နားရာ နေရာသို့ လျှောက်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ ဆိုင်ကယ်ပေါ်တက်မည်ပြုစဉ် ဗိုက်ကြီးသည်မှာ တစ်နေရာသို့ လက်ညှိုးထိုးလျက် ...

"အစ်မ ... ကျွန်မ ဟိုဟာ သွားဝယ်လိုက်ဦးမယ်၊ ခဏစောင့်နော်"

ဟုဆိုကာ မလှမ်းမကမ်းရှိ အသားကြော်ရောင်းရာသို့ လျှောက်သွား၏။

ဗိုက်ကြီးသည်အမျိုးသမီးမှာ အမဲခြောက်ကြော်များ ဝယ်ယူ၍ ပြန်လာရာ ...

"ဟဲ့ ပွင့်ဝါ ... ဘာလို့ မာတဲ့အရာတွေ စားချင်ရတာလဲ၊ ဗိုက်အောင့်ရင် ခက်ရချည်ရဲ့၊ နင်ဟာလေ ဗိုက်ကြီးသည်ဖြစ်ပြီး ဘယ်တော့မှ အစားမဆင်ခြင်ဘူး၊ အပျိုကြီးဖြစ်တဲ့ ငါကပဲ နေရာတကာ လိုက်ပြောနေရတယ်၊ ကဲ ... ကဲ ... တက်တော့၊ မှောင်နေပြီ ... ပြန်ကြမယ်"

အစ်မဖြစ်သူ၏စကားကြောင့် ပွင့်ဝါမှာ အမဲခြောက်ကြော်အား အနွေးထည်အကျီအိတ်ထဲသို့ ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ... ညီအစ်မနှစ်ယောက်သား ဆိုင်ကယ်ကို စက်နှိုး၍ ထွက်ခဲ့ကြလေ၏။

အစ်မဖြစ်သူ၏ စက်ရှိန်မြှင့် မောင်းနှင်မှုကြောင့် ...

"အစ်မရယ် ... အနောက်မှာ ဗိုက်ကြီးသည် ပါတာကို သတိထားဦးဟ၊ တကတဲ ... ဇွတ် မောင်းနေတော့တာပဲ"

ဟု ပြောလိုက်ရာ အစ်မဖြစ်သူ မအိမ်ပွင့်က ဆိုင်ကယ် မောင်းရင်း ...

"မှောင်နေပြီဟဲ့ ... နင် ဘာသိလို့လဲ ပွင့်ဝါ ရဲ့၊ မိန်းမတွေဟာ ကိုယ်ဝန်လွယ်ထားတဲ့အချိန် မှာ ကံဇာတာ အနိမ့်ပါးဆုံးဟဲ့၊ အပုပ်ချိန်မှာ ဗိုက်ကြီးသည် အပြင်ထွက်တာ မကောင်းဘူး။ ဒါ့ကြောင့် ... နင့်အတွက် စိတ်ပူလို့ အမြန် မောင်းနေတာ"

ဟု စိုးရိမ်ဒေါသော ပြောလိုက်တဲ့အခါ ပွင့်ဝါသည် မျက်နှာအား ရှုံ့မဲ့လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ဝါသိတာကတော့ မိန်းမသားတွေဟာ ကိုယ်ဝန်လွယ်တဲ့အချိန်မှာ ကံဇာတာအကောင်း ဆုံးပဲ၊ အာထရာဆောင်းလည်း ရိုက်ပြီးပြီလေ၊ ပွင့်ဝါက ယောကျ်ားလေး မွေးမှာရှင့်၊ ဒါ့ကြောင့် ပွင့်ဝါရဲ့ကံဇာတာက တခြားဗိုက်ကြီးသည် ထက် ပိုကောင်းနေပြီ၊ အစ်မ ... နင် ပေါက်ကရ တွေ လျှောက်မပြောနဲ့"

မအိမ်ပွင့်တစ်ယောက် ဆိုင်ကယ်အား ဂရုတစိုက်မောင်း နှင်ရင်း အိမ်နားရောက်ခါနီး ကုန်းတက်တစ်ခုအရောက်မှာတော့ ဆိုင်ကယ်မှာ တုံ့ခနဲ ထိုးရပ်သွားလေ၏။

သူမ ... လီဗာအား ဖိနင်း၍ အကြိမ်ကြိမ်ကြိုးစားသော် ငြား ဆိုင်ကယ်မှာ စက်မနိုးတော့ချေ။

ထို့ကြောင့် ...

စိတ်ပျက်လက်ပျက်အမူအရာဖြင့် ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ရင်း ...

"ကဲ ... ပွင့်ဝါရေ ... ဆိုင်ကယ်ကလုံးဝနိုး

www.burmeseclassic.com

www.burmeseclassic.com



မရတော့ဘူး၊ ငါတို့အိမ်ကို လမ်းလျှောက်ပြန်မှ ဖြစ်တော့မယ်"

ပြောပြောဆိုဆို နှစ်ယောက်သား ဆိုင်ကယ်သော့ခတ်ကာ လမ်းလျှောက်ထွက်ခွာခဲ့၏။

တဖြည်းဖြည်း မှောင်မည်းသော ညအခါ၌ ညီမနှစ်ယောက်မှာ တရွေ့ရွေ့ လျှောက်လှမ်းခဲ့ကြ၏။

ပွင့်ဝါသည် လမ်းလျှောက်ရင်း အိတ်ကပ်ထဲမှ အမဲခြောက်အကြော်ကို သတိရသွားမိ၏။

ထို့ကြောင့် အမဲခြောက်ကြော်အား ထုတ်ကာ စားရန် ကြိုးစည်းလေးကို ဖြည်လိုက်၏။

ထိုအရာအား မအိမ်ပွင့်မြင်သွားလျှင် အထိတ်တလန့်ဖြင့် ...

"ဟဲ့ ... ဟဲ့ ... ဒါ ဘာလုပ်တာလဲ၊ မစားနဲ့၊ လုံးဝမစားနဲ့"

ဟု မျက်လုံးပြူးလျက် တားမြစ်လိုက်၏။

"ဟာ ... အစ်မကလည်း ငါ အမဲခြောက်

www.burmeseclassic.com

www.burmeseclassic.com



ကြော် အရမ်းစားချင်နေပြီ၊ ဘာလို့ မျက်လုံးပြူး
ကြီးနဲ့ တားရတာလဲ၊ ကြောက်ဖို့ ကောင်းလိုက်
တာ"

ပွင့်ဝါ၏ မကျေမနပ်စကားကြောင့် မအိမ်ပွင့်မှာ ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ရင်း ...

"နင်ဟာလေ အယူအဆမရှိ ... အကြောက်
အလန့်မရှိနဲ့ ... ငါက မစားနဲ့ဆို နင် မစားနဲ့
ပေါ့၊ လာ ... လာ အမြန်လာ၊ ငါတို့ ဖြတ်လမ်း
က ဖြတ်ပြန်ကြမယ်"

ဟု ပြောလိုက်လေ၏။

ပွင့်ဝါတစ်ယောက် အစ်မဖြစ်သူကို ဘာမှ ပြန်မပြောတော့ချေ။

နှစ်ယောက်သား ဖြတ်လမ်းဖြစ်သည့် အနောက်ဘက်လမ်းမှ ဖြတ်လျှောက်ခဲ့ကြ၏။

ထိုအနောက်ဘက်လမ်းမှာ ကုန်းမြင့်တစ်ခုဖြစ်၍ လူသူအသွားအလာ နည်းပါး၏။

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါနှင့်အိမ်ပွင့်သည် ဖြတ်လမ်းအတိုင်း တရွေ့ရွေ့ လျှောက်သွားကြ၏။

လရောင်၏ မှိန်ပျပျအလင်းရောင်နှင့်အတူ တိတ်ဆိတ်မှုကြီးစိုးနေသော ပတ်ဝန်းကျင်၌ သဲ့သဲ့မျှကြားရသော ခွေးအူသံသည် ချောက်ချားဖွယ် ကောင်းလွန်းလှ၏။

ကြောက်တတ်သော မအိမ်ပွင့်တစ်ယောက် ခွေးအူသံကြောင့် ကျောထဲ စိမ့်ခနဲဖြစ်သွားရသလို ပတ်ဝန်းကျင်အား ချက်လုံးဝေ့ကြည့်မိ၏။

ထိုအခိုက်မှာပင် သူမ၏အနောက်မှ တစ်ယောက်ယောက် လိုက်ပါလာသလို ခံစားလိုက်ရ၏။

သူမ ခေါင်းနားပန်းကြီးသွားမိသလို ညီမဖြစ်သူထံမှ

"အမယ်လေး … ကုန်းပေါ်တက်ရတာ မောလိုက်တာ၊ အစ်မဟာလေ သိပ်ရှည်တာပဲ၊ အိမ်ရှေ့လမ်းကသွားလည်း ရောက်မယ့်ဟာ၊ အိမ်က ထွက်ပြေးမှာ ကျနေတာပဲ၊ ငါ့ခြေထောက်

www.burmeseclassic.com

www.burmeseclassic.com



တွေ တအားလေးနေပြီ၊ မလျှောက်ချင်တော့ဘူး”

ဆိုသော စကားကြောင့် ထိတ်လန့်သွားပြီး ...

“ဘာ ... ခြေထောက်တွေ လေးနေတယ်ဟုတ်လား၊ သေ ... သေချာပါပြီ၊ ငါထင်တဲ့အတိုင်း ဖြစ်နေပါပြီ၊ နင် ... နင့်အင်္ကျီအိတ်ထဲက အမဲခြောက်ကို ထုတ် ... ထုတ်လိုက်စမ်း” ဟု ပြောလိုက်လေ၏။

“အာ ... အစ်မကလည်း ငါ ခြေထောက်လေးတာနဲ့ အမဲကြော်က ဘာဆိုင်လို့လဲ၊ ပြောစမ်းပါ”

“ဟဲ့ ... နင့်ကို ပြောဖို့ အချိန်မရှိဘူး၊ ပေးစမ်း ... ငါ့ကို”

အပျိုကြီး မအိမ်ပွင့်သည် ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ အမဲကြော်အား ဆွဲနှိုက်ယူ၏။

ထို့နောက် အသားကြော်အား နောက်ပြန်လှည့်ပစ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါ၏လက်ကို ဆောင့်ဆွဲ၍ အပြေးတစ်ပိုင်း ဆွဲခေါ်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

"အစ်မ ... နင် ဘာဖြစ်တာလဲ၊ ဘာလို့ ငါ စားဖို့ ဝယ်လာတဲ့ အမဲခြောက်ကြော်ကို လွှင့် ပစ်ခဲ့ရတာလဲ၊ နင် ရူးသွားပြီလား"

ပွင့်ဝါ၏ ရေသောက်ရင်း မေးလိုက်သောစကားကြောင့် အပျိုကြီး မအိမ်ပွင့်မှာ အမောဖြေလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှုးဘူးဟဲ့၊ နင် အပမှီမှာစိုးလို့ လုပ်ရတာ၊ ငါတို့ ဖြတ်လမ်းက လာတုန်းက ခွေးအူသံ ကြားရတာ နင် မသိဘူးလား၊ ပြီးတော့ နင်က ဗိုက်ကြီးသည်၊ အိတ်ထဲမှာလည်း အမဲကြော်က ပါသေး၊ ငါတို့နောက်ကို မကောင်းဆိုးဝါးတွေ ကပ်ပါလာသလို ငါ ခံစားရတယ်၊ ဒါ့ကြောင့် နင့်အမဲကြော်ကို လွှင့်ပစ်ပေးခဲ့တာ၊ နင်ကိုယ်တိုင် ခြေထောက်တွေ လေးနေခဲ့တာပဲ မဟုတ်လား၊ နင် ငါ့ကို ကျေးဇူးတောင် တင်ရဦးမယ်"

ဟု ပြောလိုက်ရာ ပွင့်ဝါမှာ အစ်မဖြစ်သူအား စိတ်ပျက်ဟန်ဖြင့် ကြည့်၍ ...

"အစ်မရယ် ... နင်ဟာ အပျိုကြီးပီပီ သိပ်သွေးကြောင်လွန်းတယ်၊ ငါ ခြေထောက်လေးတာ လမ်းလျှောက်တာကြာလို့ သွေးကျပြီး မသယ်ချင်တာဟဲ့၊ နင် ဇီဇာကြောင်တာနဲ့ ငါ၊

www.burmeseclassic.com

www.burmeseclassic.com



အမဲကြော် မစားရတော့ဘူး၊ မရဘူး ... မနက်
ဖြန် ဈေးသွားရင် အမဲကြော်ဝယ်ပေး ... ဒါပဲ"
ဟု ပြောလိုက်လေ၏။

ညီမဖြစ်သူ၏စကားကြောင့် အပျိုကြီးမအိမ်ပွင့်မှာ
မျက်နှာရှုံ့မဲ့လျက် ...

"နင်ဟာလေ ဘာအယူမှ မရှိဘူး၊ အယူမရှိ
အကြောက်အလန့်မရှိတာနဲ့ပဲ တစ်နေ့ နင် ဒုက္ခ
တွေ့လိမ့်မယ်၊ ကိုယ်ဝန်ကဖြင့် နေ့စေ့လစေ့
ဖြစ်နေပြီ၊ ခုထိ အစားက သရမ်းနေတယ်၊ စိတ်
ချ ... မိုးလင်းရင် နင့်အတွက် အမဲခြောက်တွေ
ပိဿာလိုက် ဝယ်ပေးမယ်၊ စားပိုးနင့်အောင်
စားပေတော့"

ဟု ပြောဆိုရင်း ခြေဆောင့်နင်း ထွက်သွားတော့၏။

ထိုအခိုက်မှာပင် ခြံတံခါးဝဖွင့်သံကြား၍ ကြည့်လိုက်
ရာ ခင်ပွန်းသည်ကိုသက်မောင် ပြန်လာကြောင်း တွေ့ရလေ၏။

ပွင့်ဝါသည် အိမ်တံခါးဝထွက်၍ ယောကျ်ားဖြစ်သူအား

www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုလျက် ...

"ဘယ်လိုလဲ ကိုမောင် ... အလုပ်ကိစ္စ အဆင်ပြေခဲ့ရဲ့လားဟင်"

ဟု မေးလိုက်ရာ ယောကျ်ားဖြစ်သူသည် သူမ၏ပခုံးအား ဖက်လျက် ...

"ပြေတာမှ ဟိုဘက်ကမ်းတောင် လွန်သေးရဲ့ဗျာ၊ ကိုယ်တို့ သကြားစက်အဟောင်းကြီးကို လေလံဆွဲတာ ရသွားပြီကွ ... ရသွားပြီ၊ မိန်းမရဲ့ဗိုက်ထဲက ကလေးက လာဘ်ကောင်လေးပဲ၊ မပျော်ဘူးလား မိန်းမရာ"

ဟု ပြုံးရွှင်သောမျက်နှာဖြင့် ဆိုလေ၏။

"ဟင် ... တကယ်လား ကိုမောင်ရယ်၊ ပွင့်ဝါ ဝမ်းသာလိုက်တာ၊ ပွင့်ဝါဖြင့်လေ လေလံဆွဲတဲ့ကိစ္စက အပြိုင်အဆိုင်တွေ ရှိနေတော့ ရမှရပါ့မလားလို့ တွေးပူနေတာရှင့်၊ ဒီနေ့ဟာ တကယ့်ကို Lucky day ပဲ ကိုမောင်"

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါ၏စကားကြောင့် ကိုသက်မောင်မှာ တစ်စုံတစ်ခုအား သတိရဟန်ဖြင့် ...

"အင်း ... လေလံမှာ အနိုင်ရပေမယ့် ကိုယ့်စိတ်ထဲမှာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆိုသလို ဖြစ်နေတယ်ကွာ၊ ကိုယ်နဲ့အပြိုင် လေလံဆွဲတဲ့ ကျောက်မဲစိုးကြည်တို့ဘက်က သူတို့ရှုံးတော့ သိပ်ကြည်ပုံမရဘူးကွ"

ဟု ပြောလိုက်ရာ ပွင့်ဝါသည် အိမ်တံခါးအား ပြန်ပိတ်ရင်း ...

"အို ကိုမောင်ရယ် ... စီးပွားရေးလုပ်တာပဲရှင်၊ အပြိုင်အဆိုင်တွေတော့ ရှိမှာပေါ့ရှင့်၊ ခေါင်းထဲထည့်မနေနဲ့၊ ကဲပါ ... အေးအေးဆေးဆေး နားလိုက်တော့နော်"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

ညနက်လာသည်နှင့်အမျှ ...

တောင်ပေါ်မြို့လေး၏ အအေးဓာတ်သည်လည်း ပိုမို ပြင်းထန်လာ၏။

နှစ်မြိုက်စွာ အိပ်မောကျနေသော ပွင့်ဝါမှာ ရှုးလွန့်လှုပ်ရှားလာရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကျွတ် ... နာလိုက်တာ ...

ကို ... ကိုမောင် ... ကိုမောင်"

ဟု ရေရွှတ်ကာ ကိုသက်မောင်အား လှုပ်နှိုးလိုက်လေ၏။

"အင်း ... အင်း ... ဘာလဲ မိန်းမရာ ကိုယ်

အရမ်းပင်ပန်းနေတယ်၊ အိပ်ချင်နေပြီကွာ"

ကိုသက်မောင်၏ အိပ်ချင်မူးတူးအသံကြောင့် ပွင့်ဝါမှာ ဗိုက်ကိုဖိလျက် ...

"ဗိုက်နာတယ်၊ ဗိုက်နာတယ် ကိုမောင်ရဲ့၊

လုပ်ပါဦး"

ဟု ညည်းညူမိလျှင် ...

"အာ ... ပွင့်ဝါကကွာ ... အခန်းထဲမှာ အိမ်

သာရှိတာပဲ၊ ထ,သွားလိုက်ပါလား၊ ဒီမှာ အရမ်း

အိပ်ချင်နေတယ်"

"အမယ်လေး ... ကျွတ် ... ကျွတ် ... အိမ်

သာ တက်ချင်လို့ မဟုတ်ဘူး၊ ဗိုက်ထဲက ရှုံ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



နာနေတာ၊ ကလေးက အထဲကနေ တွန်းထိုးနေ

သလိုပဲ၊ မွေး ... မွေးချင်လို့ နာတာလား မသိ

ဘူး"

မိန်းမဖြစ်သူ၏အသံကြောင့် သက်မောင်တစ်ယောက် အိပ်ချင်စိတ်များ လွင့်သွားမတတ် ဖြစ်သွားရ၏။

အိပ်ရာမှ ဝုန်း ... ခနဲ ထလိုက်ရင်း ...

"ဘာ ... မွေးချင်လို့ ဟုတ်လား၊ ဟင် ...

ဒါ ... ဒါဆို ... ဘယ်ဖြစ်မလဲ၊ အပျိုကြီးရေ့

အပျိုကြီး ... လာကြပါဦးဟ ... ဒီမှာ နင့်ညီမ

ဗိုက်နာနေပြီ"

ဟု အသံကုန်အော်ဟစ်လိုက်လေ၏။

အသံကြောင့် အပျိုကြီး မအိမ်ပွင့်တစ်ယောက် လန့်နိုး သွားပြီး ပွင့်ဝါတို့အခန်းဘက် ပြေးထွက်ခဲ့မိ၏။

"ဟဲ့ ... ဟဲ့ ... ဗိုက်နာရင် ဆေးရုံပို့ရမှာပေါ့၊

နင် ထိုင်မနေနဲ့လေ၊ ကားကို အမြန်သွားလှုတ်

ဟဲ့၊ သွား ... သွား"

www.burmeseclassic.com

www.burmeseclassic.com



အဖိုးကြီး၏အသံကြောင့် ဘာလုပ်ရမှန်းမသိဘဲ ထိုင်နေသော သက်မောင်မှာ ကားသော့ကို ကောက်ကိုင်လျက် အပြေးတစ်ပိုင်း ထွက်သွား၏။

ထို့နောက်တွင်မူ ၎င်းတို့၏ကားလေးသည် အမျိုးသမီးဆေးရုံဘက်သို့ တစ်ရှိန်ထိုး မောင်းနှင်ခဲ့လေတော့၏။

ဆေးရုံဝင်းအတွင်းသို့ရောက်လျှင် ကားပါကင်၌ ရပ်ပြီးနောက် သက်မောင်မှာ အလျှင်အမြန် ပြေးဆင်းသွားပြီး ...

"လုပ် ... လုပ်ကြပါဦး၊ ဗိုက်နာနေပြီ ...

ဗိုက်နာနေလို့ဗျ"

ဟု ကယောင်ချောက်ချားအော်ဟစ်ကာ ဆေးရုံတွင်းပြေးဝင်သွား၏။

သူနာပြုတစ်ယောက်သည် သွေးရူးသွေးတန်း ပြေးဝင်လာသည့် သူ့အား ...

"ရှင်ဗိုက်နာတာ ဒီဆေးရုံနဲ့ မဆိုင်ဘူးလေ၊

ဒါက သားဖွားဆေးရုံကြီးရှင့်"

ဟု လှမ်းပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သက်မောင်သည် အဝင်ဝသို့ လက်ညှိုးထိုးလျက် –

"နာဝတာ ကျုပ်မဟုတ်ဘူး၊ ကျုပ်မိန်းမ ဗိုက်ကြီးသည်ဗျ၊ ဟိုမှာ ... ဟိုမှာ လာနေပြီ၊ ဆရာမတို့ သွားခေါ်ကြပါဦး"

ဟု ပြောလိုက်ရာ သူနာပြုသုံးယောက်သည် ဘီးချဲလ်ဖြင့် ပွင့်ဝါအား အပြေးခေါ်ကြလေ၏။

သားဖွားခန်းတံခါးကြီး 'ဝုန်း' ခနဲ ပိတ်သွားချိန်၌ သက်မောင်နှင့် မအိမ်ပွင့်မှာ ခုံတန်းလျားထက် ထိုင်လျက် ဘုရားတနေကြရှာ၏။

သက်မောင်မှာ စိတ်လှုပ်ရှားမှုကြောင့် ဂနာမငြိမ်ဘဲ ဆောင့်ကြောင့်ထိုင်လိုက် ခြေထောက်ချလိုက် ... လုပ်နေသဖြင့် ခုံမှာ တလှုပ်လှုပ်ဖြစ်နေလေ၏။

"ဟဲ့ ... ငြိမ်ငြိမ်ထိုင်စမ်း သက်မောင်ရယ်၊ နင်လုပ်တာနဲ့ ငါရွတ်တဲ့ ဘုရားစာတောင် မေ့မေ့သွားတယ်၊ ဂနာကို မငြိမ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး၏စကားကြောင့် သက်မောင်မှာ စိတ်လှုပ်ရှားဟန်ဖြင့် ...

"အာ အပျိုကြီးကလည်းဗျာ ... အထဲမှာ မီးဖွားနေတာ ကျုပ်မိန်းမပဲဗျ၊ ကျုပ် စိုးရိမ်လွန်းလို့ သေတော့မယ်၊ နေရာတကာ အပြစ်ပဲ ရှာချင်နေတယ်၊ ဒါ့ကြောင့် ခုချိန်ထိ လင်မရတာ"

ဟု ပြောလိုက်ရာ အပျိုကြီးမှာ မျက်ထောင့်နီကြီးဖြင့် ကြည့်လျက် ...

"လင်မရတာ မလိုချင်လို့ဟဲ့၊ အပူမရှာချင်လို့ အပျိုကြီးလုပ်တာ၊ အားအားရှိ ... ဒါပဲ လာထိခိုက်နေတယ်၊ နင့်ပါးစပ်ကို ပိတ်ပြီး နေစမ်း၊ အထဲကို စိတ်ပူရတာက တစ်မျိုး၊ ဒင်းက တစ်မျိုး၊ ငါ့နှယ် ... သံဗုဒ္ဓေတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"

ဟု တဖျစ်တောက်တောက် ရေရွတ်လိုက်၏။

ထိုအခိုက်မှာပင် သားဖွားခန်း၏တံခါး ပွင့်လာပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"မပွင့်ဝါ မွေးပြီရှင့် ... မွေးပြီ၊ ယောကျ်ား လေးရှင့်၊ လူကြီးရော ကလေးပါ ကျန်းမာ တယ်"

သူနာပြုဆရာမ၏အသံကြောင့် သက်မောင်တို့မှာ ထ ခုန်မိမတတ် ဝမ်းသာသွားကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

ပွင့်ဝါတစ်ယောက် သားဦးလေး ဖွားပြီးနောက် အမျိုးကြီးမအိမ်ပွင့်မှာ အိမ်ဗာဟီရများသာမက ကလေးကိစ္စများပါ အောက်ခြေသိမ်း လုပ်ကိုင်ပေးရလေ၏။

ကလေး ရက်တစ်ရာပြည့်ပြီးနောက် ကလေးအား မောင်ပွင့်ကောင်းဟု ကင်ပွန်းတပ်ပေးခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်ပွင့်ကောင်းလေးမှာ မကြာခဏ ဖျားနာတတ်သဖြင့် မိဘများထက် အဒေါ်ဖြစ်သူ မအိမ်ပွင့်သည် ကလေးအား မျက်စိအောက်မှ အပျောက်မခံနိုင်လောက်အောင် တကြည့်ကြည့်ဖြစ်နေရှာ၏။

တစ်ခုသောညဌ် ကိုသက်မောင်သည် အိမ်အပြန်နောက်ကျလေ၏။

ပွင့်ဝါမှာ ကလေးပုခက်လွှဲရင်း ယောကျ်ားအိမ်ပြန်ချိန်အား စောင့်လျက်ရှိ၏။

သန်းခေါင်ချိန်လောက်တွင် ကားဟွန်းသံကြားရသဖြင့် ပြေးကြည့်ရာ ကိုသက်မောင် ပြန်လာသည်ကို တွေ့ရလေ၏။

ကားဟွန်းသံကြောင့် နိုးဘူးဆေးနေသော မအိမ်ပွင့်ပါ အိမ်ရှေ့သို့ ထွက်ခဲ့၏။

ကိုသက်မောင်မှာ ဒယီးဒယိုင်ဖြင့် အိမ်ထဲဝင်လာသလို လက်၌ စားသောက်ဖွယ်ရာအထုပ်များ ဆွဲလာလေ၏။

ထိုအဖြစ်ကိုမြင်လျှင် အပျိုကြီးမှာ မျက်လုံးပြူးလျက်–

"ဟဲ့ ... ဟဲ့ ... နင် မဝင်နဲ့ဦး၊ နင့်တံခါးနဲ့

www.burmeseclassic.com

www.burmeseclassic.com



နဖူးကို သုတ်၊ ပြီးရင် ... ထွီ ... ဖပ်ဖပ်လုပ်ပြီးမှ ဝင်ခဲ့၊ လုပ် ... လုပ်”

ဟု လှမ်းပြောလိုက်ရာ ကိုသက်မောင်မှာ အိမ်တံခါးကို မှီလျက် ...

“ဟာ ... အပျိုကြီးက လုပ်ပြန်ပြီ၊ ဘာတွေ လဲဗျာ၊ ကိုယ့်အိမ်ကိုယ်ဝင်တာ ဘာလို့ ထွီ ... ဖပ် လုပ်ရမှာလဲ၊ ကလေးမှ မဟုတ်တာ”

ဟု အရက်ရှိန်တက်ဟန်ဖြင့် ပြန်ပြော၏။

“နင် ကလေးမဟုတ်ပေမယ့် ... နင့်မှာ ကလေးငယ် ရှိတယ်လေ၊ ညဥ့်နက်သန်းခေါင် ကြီးကျမှ စားစရာတွေ ယူလာတယ်၊ နင်နဲ့ မကောင်းဆိုးဝါး ကပ်ပါလာရင် ဘယ်လိုလုပ် မလဲ၊ အိမ်မှာ ကလေးက နေကောင်းတာ မဟုတ်ဘူး”

အပျိုကြီး၏ စိုးရိမ်စကားကြောင့် ကိုသက်မောင်မှာ ခေါင်းကုတ်ဖွလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လုပ်ပြီဗျာ၊ ထို ... ဖပ်ဖပ်၊ ဟောဒီမှာ နဖူးကို တံတွေးသုတ်ပြီ၊ ဟုတ်ပြီလား၊ ကျုပ် ဝင်လို့ရပြီလား ... အပျိုကြီးရ"

ဟု အရက်ထွေထွေဖြင့် ပြန်ပြောလိုက်၏။

"ငါက ကလေးအတွက် ပူလို့ဟဲ့၊ နင်တို့လင်မယားက ဘာအယူအဆမှ ရှိကြတာမဟုတ်ဘူး၊ နေရာတကာ လိုက်ပြောနေရတာမောတယ်၊ ဟဲ့ ပွင့်ဝါ ... လင်ကို စောင့်နေတာနင် ခုချိန်ထိ ဘာမှမစားရသေးဘူး မဟုတ်လား၊ သူယူလာတဲ့ဟာတွေ နင်သွားစားလိုက်၊ ငါ ကလေး ကြည့်ထားပေးမယ်"

အစ်မဖြစ်သူ၏စကားကြောင့် ပွင့်ဝါသည် ကိုသက်မောင်နှင့်အတူ မီးဖိုခန်းသို့ ဝင်ခဲ့လေ၏။

"တအားကို သောက်လာပါလား ကိုမောင်ရယ်၊ လူက ယိုင်နေတာပဲ၊ အခု ဘယ်က ပြန်လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါမှာ ခေါက်ဆွဲကြော်နှင့် အခေါက်ကင်ထုပ်များ အား ဖြည်းရင်း မေးလိုက်၏။

ကိုသက်မောင်သည် စားပွဲခုံ၌ ခြေပစ်လက်ပစ်ထိုင်ချ ရင်း …

"ကျောက်မဲဘက်က ကုန်သည်တွေနဲ့ တွေ့ လို့ကွ၊ သူတို့ ဒကာခံပြီး ကျွေးမွေးကြတာ၊ ဟဲ … ဟဲ … ပါဆယ်ကတော့ ပွင့်ဝါလေးစားဖို့ ကိုယ့်ဟာကိုယ် ဝယ်လာတာကွ"

ဟု ပြောလိုက်ရာ ပွင့်ဝါက …

"ဟင် … ကျောက်မဲဘက်က ဆိုတော့ ကျောက်မဲ စိုးကြည်တို့ရော ပါသေးလား၊ ကိုယ့် ကို မကျေနပ်တဲ့ လူတွေနဲ့များ သောက်စားရ တယ်လို့ ကိုမောင်ရယ်"

ဟု စိုးရိမ်ဟန်ဖြင့် ပြောလိုက်၏။

"အာ … ကျောက်မဲစိုးကြည်က အရင်လို မဟုတ်တော့ဘူး မိန်းမရ၊ လေလံပွဲမှာ သူ ရှုံး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် ကိုယ်တို့က အလုပ်သဘောပဲလေ၊ ဒါကို နားလည်သွားလို့ထင်တယ် ... ကိုယ့်ကို ပုံမှန်လိုပဲ ပြန်ဆက်ဆံတယ်ကွ"

ပွင့်ဝါသည် သက်ပြင်းရှိုက်လျက် ...

"ဘာပဲဖြစ်ဖြစ်ပေါ့ ကိုမောင်ရယ် ... သစ်ပင်ကောက်တာသာ မြင်နိုင်တာ၊ လူတစ်ယောက်ရဲ့အတွင်းစိတ်ကို မမြင်နိုင်ဘူးလေ၊ ပွင့်ဝါဖြင့် စိုးကြည်ဆိုတဲ့လူကို စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သူနဲ့ အပေါင်းအသင်းမလုပ်ပါနဲ့ ကိုမောင်ရယ်"

ဟု လေးလံသောစိတ်ဖြင့် တားဆီးမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ မနက်နှစ်နာရီခန့်အချိန်တွင် မောင်ပွင့်ကောင်းလေးသည် စူးစူးဝါးဝါး အော်ဟစ်ငိုယိုနေ၏။

ပွင့်ဝါသည် ကလေးအား နို့တိုက်ရန် ကြိုးစားသော်လြား ကလေးမှာ သူမမျက်နှာအား ကြည့်လျက် တက်မဟော်,ချက်မတတ် အော်ဟစ်ငိုနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှုးရှိန်လွန်၍ အိပ်မောကျနေသော ကိုသက်မောင်မှာ ထိုအဖြစ်ကို မသိချေ။

မအိမ်ပွင့်မှာ အိပ်ခန်းတွင်မှ နားစွင့်ရင်း မတတ်သာ သည့်အဆုံးမှာတော့ ကလေးရှိရာ သွားပြီး …

"ကလေးက ငိုလှချည်လား၊ နင် ဘာတွေ
အစားမှားသေးလဲ ပွင့်ဝါ၊ ကလေးကြည့်ရတာ
လေများ ထိုးနေသလားပဲ"

ဟု မေးလိုက်ရာ ပွင့်ဝါမှာ မျက်နှာမသာအယာဖြင့် …

"အစားမမှားပါဘူး အစ်မရယ်၊ ငါ ညက
အခေါက်ကင်ပဲ နည်းနည်းစားခဲ့တာပါ၊ ပြီး
တော့ … ကလေးကို နို့တောင် တိုက်လို့မရဘူး၊
ငါ့ကို ကြည့်ပြီးပဲ ငိုနေတာဟ"

ဟု ပြောလိုက်လေ၏။

ထိုအခါ အပျိုကြီးမအိမ်ပွင့်မှာ တစ်စုံတစ်ခုကို အတွေး ပေါက်သွားပြီး …

"ပေး … ပေး … ကလေး ငါ့ပေး ငါ ချော့

www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ့အခန်းမှာပဲ သိပ်လိုက်မယ်”

ဟု ဆို၍ ကလေးအား ပွေ့ချီလိုက်၏။

ကလေးငယ်မှာ မအိမ်ပွင့်လက်ထဲရောက်သည်နှင့် တစ်ပြိုင်နက် အံ့ဩလောက်အောင် အငိုရပ်သွား၏။

မအိမ်ပွင့်သည် ကလေးချီလျက် ထွက်မည်ပြုပြီးမှ လှမ်း၍ ...

“နင့်ယောကျာ်း ယူလာတဲ့ အစာတွေ သိပ်မစားနဲ့ ပွင့်ဝါ၊ သူက ညဥ့်နက်သန်းခေါင်မှ အထုပ်ဆွဲ ပြန်လာတာ မဟုတ်လား၊ အစာမှာ အပအစွဲတွေ ကပ်ပါလာရင် မကောင်းဘူးဟဲ့၊ ကြည့်ပါလား ... ကလေးက ငါ့လက်ထဲရောက်မှ အငိုတိတ်သွားတာ၊ ဒါကို နင်တို့ လက်မခံလို့ မရဘူး”

ဟု ထင်မြင်ရာ ပြောဆို၍ ထွက်သွားလေ၏။

ပွင့်ဝါမှာ အိပ်ရာထက် ထိုင်ချလျက် ...

“အစ်မဟာလေ ... အပျိုကြီးပီပီ သိပ်

www.burmeseclassic.com

www.burmeseclassic.com



အတွေးခေါင်လွန်းတယ်၊ အားအားရှိ အပမှီတဲ့ အကြောင်းပဲ ပြောနေတော့တာ၊ အရင်လည်း ကိုမောင်ဝယ်လာတာ စားနေကျပဲ၊ ဘာတွေ လျှောက်ပြောမှန်းကို မသိဘူး"

ဟု မကျေမနပ် ရေရွတ်လိုက်လေ၏။

ထိုအခိုက်မှာပင် ကိုသက်မောင်ထံမှ ...

"သရဲမ ... သရဲမ ... မကောင်းဆိုးဝါးမ ... ငါ့ဆီမလာနဲ့၊ သွား ... သွား"

ဟူသော အသံနှင့်အတူ ကိုသက်မောင်တစ်ယောက်တည်း တွန်းထိုးရုန်းကန်နေကြောင်း တွေ့ရလေ၏။

"ကိုမောင် ... ကိုမောင် ... ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ပွင့်ဝါ၏စိုးရိမ်တကြီးအမေးကြောင့် ကိုသက်မောင်မှာ သွေးရူးသွေးတန်းအမူအရာဖြင့် အိပ်ရာမှ ထထိုင်လိုက်ရင်း...

"သ ... သရဲမ ... ဘယ် ... ဘယ်ရောက် သွားလဲ၊ ငါ ... ငါ့နောက်ကို လိုက်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လိုက်ရာ ...

"ကိုမောင် ... ရှင်က ဘယ်သွားလို့၊ သရဲမက လိုက်လာရမှာလဲ၊ ရှင် အိပ်ပျော်နေတာလေ၊ သေချာလည်း ကြည့်ပါဦး၊ ရှင့်အိပ်ခန်းထဲမှာ"

ပွင့်ဝါသည် စိတ်မရှည်ဟန်ဖြင့် ယောကျ်ားဖြစ်သူ၏ ကိုယ်ကို ဆွဲလှုပ်ရင်း မေးလိုက်၏။

အေးချမ်းသည့် ရာသီဥတုအောက်မှာပင် ကိုသက်မောင် တစ်ယောက် ဇောချွေးပြန်နေ၏။

မျက်လုံးပြူးကြီးဖြင့် အိပ်ခန်းအနှံ့ကြည့်လျက် ...

"ဒါ ... ဒါဆို ... ငါ ... ငါ ... အိပ်မက်မက်နေတာပေါ့၊ ကြောက် ... ကြောက်ဖို့ကောင်းလိုက်တာ မိန်းမရာ၊ အိပ်မက်ထဲမှာ ငါ အိမ်အနောက်ဘက်ဖြတ်လမ်းက တစ်ယောက်တည်း ပြန်လာတာ၊ ငါ့နောက်က လူတစ်ယောက် ပါလာသလို ခံစားရလို့ လှည့် ... လှည့်ကြည့်တော့ ... မျက်လုံးကြီး ရှိနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



သ ... သရဲမကို တွေ့ရတယ်၊ ငါလည်း ...

လန့်ဖျပ်ပြီး တအားပြေးခဲ့မိတာ၊ အ ... အခုထိ

မောနေတုန်းပဲဟ”

ဟု ပြောလိုက်လျှင် ပွင့်ဝါသည် ရေတစ်ခွက်ခပ်၍ တိုက်လိုက်လေ၏။

သက်မောင်တစ်ယောက် ရေကို အငမ်းမရ မော့သောက်ရင်း ပုခက်ဆီ အကြည့်ရောက်သွားပြီး ...

“ဟင် ... သားလေးရော ... သားလေး ဘယ်

ရောက်သွားပြီလဲ”

ဟု မေးလိုက်၏။

ပွင့်ဝါသည် သက်မောင်အား စိတ်ရှုပ်ထွေးဟန်ဖြင့် ကြည့်၍ ...

“ရှင်ရော ... အဖိုးကြီးရော ... ဒီည ဘာဖြစ်

နေကြလဲမသိဘူး၊ ရှင်ကလည်း တစ္ဆေမကို

အိပ်မက်,မက်တယ်၊ အဖိုးကြီးလည်း ကလေးငို

တာကို မကောင်းဆိုးဝါးကပ်လို့ဆိုပြီး သူ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းကို ခေါ်သိပ်နေတယ်၊ ပွင့်ဝါတော့ ...

တကယ်ရှူးချင်နေပြီ”

ဟု ညည်းညူလိုက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့ည**

ကိုသက်မောင်တစ်ယောက် ထုံးစံအတိုင်း ရေချိန်လွန်လျက် ညဥ့်နက်မှ ပြန်ရောက်လာ၏။

ငှင်းဝယ်ယူလာသည့် အစားအသောက်များအား ပွင့်ဖါတစ်ယောက် စားခွင့်မရတော့ချေ။

အပျိုကြီးမအိမ်ပွင့်သည် ငှင်းစားသောက်ဖွယ်ရာများ

www.burmeseclassic.com

www.burmeseclassic.com



အား ဆွဲယူ၍ ခြံထဲဆင်းကာ ခြံစောင့်ခွေး ရန်လုံအား ချကျွေး လိုက်၏။

ကိုသက်မောင်မှာ အဝတ်အစားပင် မလဲနိုင်တော့ဘဲ အိပ်ရာထက် ခေါင်းတိုး၍ ခြေပစ်လက်ပစ် အိပ်ပျော်သွားလေ၏။

ပွင့်ဝါသည်လည်း ယောကျ်ားအား မနှိုးရက်သဖြင့် ကလေးကိုဖက်လျက် အိပ်စက်ရန် ပြင်လေ၏။

သန်းခေါင်ချိန်လောက်၌ ကိုသက်မောင်မှာ လူးလွန့် လှုပ်ရှားလာပြီး ...

"အား ... အောင့်တယ်၊ ဗိုက်ထဲက အောင့် တယ်"

ဟု ညည်းညူလိုက်၏။

၎င်း၏အသံကြောင့် ပွင့်ဝါမှာ လန့်နိုးသွားပြီး ...

"ကိုမောင် ... ကိုမောင်"

ဟု လှုပ်နှိုးလိုက်၏။

သက်မောင်မှာ ဗိုက်ကို လက်ဖြင့်ဖိရင်း အိပ်ရာထက်

www.burmeseclassic.com

www.burmeseclassic.com



လူးလိမ့်နေရှာ၏။

"ဗိုက် ... ဗိုက်ထဲက အရမ်းအောင့်တယ်၊ လုပ် ... လုပ်ပါဦး ပွင့်ဝါရာ"

ယောကျ်ားဖြစ်သူ၏အပြောကြောင့် ပွင့်ဝါမှာ စိတ်ပူသွားပြီး ...

"ကိုမောင်ရယ် ... ဗိုက်အောင့်ရအောင် ဘာတွေများ အစားမှားလို့လဲ၊ ကဲ ... ပြောပါဦး၊ ဒီနေ့ ဘယ်သူတွေနဲ့ စားသောက်ခဲ့သလဲ၊ ဘာတွေ စားခဲ့သလဲ"

ဟု မေးလိုက်၏။

သက်မောင်မှာ ဝေဒနာကို လူးလိမ့်ခံစားရင်း ...

"အစားမှားတာ မဖြစ်နိုင်ဘူး မိန်းမရ၊ အား ... ကျွတ်, ကျွတ်၊ ကိုယ် ဘဲကင်နဲ့ ဝက်သား လုံးကြော်ပဲ အရက်နဲ့ မြည်းခဲ့တာ၊ ကျောက် ... ကျောက်မဲစိုးကြည်တို့ ကိုယ့်ကို ညှော်ခံတာ ကွ၊ ဘဲကင်က သိပ်စားလို့ကောင်းလို့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အများကြီး စားခဲ့တာပဲ ရှိတယ်"

ဟု ပြောလိုက်ရာ ပွင့်ဝါမှာ မျက်မှောင်ကြုတ်လျက်...

"ဟင် ... ဘဲကင်တွေ အများကြီး စားတယ်

ဟုတ်လား၊ ကိုမောင် အရင်ကဆို ဒီက ဘဲကင်

တွေ မကြိုက်ပါဘူး၊ ဘယ်လိုဖြစ်တာလဲ"

ဟု ရေရွတ်လိုက်မိ၏။

"အား ... အောင့်လိုက်တာကွာ၊ ဟုတ်တယ်

... ဘဲကင်က ဒီမြို့က မဟုတ်ဘူး၊ ကိုစိုးကြည်

ရန်ကုန်က ဝယ်ခဲ့တာကွ၊ ဒါ့ကြောင့် စား

ကောင်းကောင်းနဲ့ စားလိုက်မိတာ၊ အစားများ

လို့ ဗိုက်များအောင့်လားမသိဘူး၊ ဆေး ... ဆေး

တိုက်ပါဦး မိန်းမရာ"

ပွင့်ဝါသည် ယောကျ်ားဖြစ်သူ၏စကားကြောင့် မျက်

မှောင်ကြုတ်သွား၏။

သက်မောင်၏ခံစားရပုံကိုကြည့်၍ စားပွဲပေါ်ရှိ မဟာ

ဖြေဆေးပုလင်းကို ယူကာ တိုက်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သက်မောင်၏အခြေအနေမှာ ပိုမိုဆိုးရွားလာလေ၏။

၎င်း၏ လူးလိမ့်အော်ဟစ်သံများကြောင့် မအိမ်ပွင့်တစ်ယောက် အပြေးအလွှား ရောက်ရှိလာ၏။

သက်မောင်၏ လူးလိမ့်အော်ဟစ်ပုံကိုမြင်လျှင် ခေါင်းနားပန်းကြီးသွားပြီး ...

"ဟဲ့ ... ဟဲ့ ... ဒီလောက်ထိ ဖြစ်နေတာ

ဆေးရုံပို့မှပေါ့၊ သက်မောင် ... သက်မောင်"

ဟု အော်ဟစ်ကာ သက်မောင်အား ထွေးပွေ့ထားသော ပွင့်ဝါအနီး ဝင်ထိုင်လိုက်၏။

ထိုအခိုက်မှာပင် သက်မောင်မှာ 'ဝေါ့' ခနဲ အန်ချလိုက်၏။

ညီမနှစ်ယောက်သား အန်ဖတ်များကိုမြင်လျှင် မိုးပြိုကျမတတ် ထိတ်လန့်သွားကြ၏။

"ဟယ် ... သွေး ... သွေးတွေ၊ အန်နေပြီ

... ပွင့်ဝါ လုပ်လေ၊ ဆေး ... ဆေးရုံပို့မှအောင်"

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး၏ရေရွတ်သံ မဆုံးမှပင် သက်မောင်တစ်ယောက် ...

"အား ... ပူတယ်၊ ရင်ဘတ်ကို မီးနဲ့ ထိုးသလို ပူတယ်၊ ပူတယ် ... ပူတယ်"

ဟု ငယ်သံပါမတတ် အော်ဟစ်လျက် ပွင့်ဝါ၏လက်ပေါ်၌ပင် ငြိမ်ကျသွားတော့၏။

"ကိုမောင် ... ကိုမောင်၊ ဟင် ... အစ်မရေ လုပ်ပါဦး အစ်မ၊ ငါ့ယောကျ်ားကို ခေါ်လို့ မရတော့ဘူး"

ပွင့်ဝါ၏ ချုံးပွဲချငိုကြွေးသံနှင့်အတူ မအိမ်ပွင့်တစ်ယောက် အခန်းထဲမှ ပြေးထွက်သွားပြီး တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်၏။

✷

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်သည် သက်မောင်အား စမ်းသပ်ကြည့်ရင်း...

"လူနာအတွက်တော့ စိတ်မကောင်းစရာပဲဗျ၊ ကျုပ်တို့ ဘာမှလုပ်လို့မရတော့ဘူး၊ အစာအိမ် သွေးကြောပေါက်ပြီး ... ဆုံးရှာပြီ"

ဟု ပြောလိုက်ရာ ညီအစ်မနှစ်ယောက်မှာ တစ်ဦးမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦး ကြည့်မိလျက် အကြီးအကျယ် တုန်လှုပ်သွားကြ၏။

ပွင့်ဝါတစ်ယောက် မျက်ရည်များ သွင်သွင်စီးကျရင်း–

"ကိုမောင် ဆုံးပြီ၊

ကိုမောင် ဆုံးပြီ"

ဟု တဖွဖွ ရေရွတ်ကာ မေ့မြောသွားရှာ၏။

ဆရာဝန်မှာ သတိမေ့မြောသွားသည့် ပွင့်ဝါအား သတိလည်အောင် လုပ်ပြီးနောက် အကြောဆေးပုလင်းကို ချိတ်ပေးလေ၏။

ထိုဆရာဝန်၏အကူအညီဖြင့်ပင် ဆေးရုံကားရောက်ရှိလာပြီး ကိုသက်မောင်၏ရုပ်အလောင်းကို သယ်ဆောင်သွားကြ၏။

အပျိုကြီး မအိမ်ပွင့်တစ်ယောက် လူမမယ်ကလေးငယ်အား ပွေ့ချီလျက် ပွင့်ဝါ၏နံဘေး၌ အားပေးနှစ်သိမ့်နေရှာ၏။

အပျိုကြီးသည် ညီမဖြစ်သူအား နှစ်သိမ့်စကားဆိုရင်း မျက်လုံးအကြည့်က အိပ်ရာပေါ် ရောက်သွား၏။

ကိုသက်မောင် သွေးအန်ခဲ့သည့်နေရာ။

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးမှာ အိပ်ရာအား ပတ်သွား၍ ထိုသွေးကွက်ကို စူးစိုက်ကြည့်ရင်း ...

"နင့် ယောကျ်ား သမားရိုးကျသေတာ မဟုတ်ဘူး ပွင့်ဝါ၊ သူ ... သူများ ပြုစားလို့ပဲ ဖြစ်ရမယ်"

ဟု ပြောလိုက်လေ၏။

အကြောဆေးပုလင်းချိတ်ထားသော ပွင့်ဝါမှာ လှဲနေရာမှ ခေါင်းထောင်လျက် ...

"အစ်မ ... ဒီအချိန်ဟာ ငါ့ဘဝအတွက် မိဘနှစ်ပါးဆုံးပါးပြီးကတည်းက ဒုတိယအကြိမ် ပူဆွေးသောက အရောက်ဆုံးအချိန်ပါ၊ နင် ဒီအချိန်မှာ ဘာစကားတွေ ပြောနေတာလဲ"

ဟု ငိုသံကြီးဖြင့် ပြောလိုက်၏။

အပျိုကြီးမှာ သွေးကွက်ကြီးကို လက်ညှိုးထိုးလျက်–

"သွေး ... သွေးတွေကြားမှာ ဆံပင်ချည်လုံးကွ တွေ့ရတယ်၊ ဆံပင်က မိန်းမဆံပင်ပဲ ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အရှည်ကြီးပဲဟဲ့၊ ဒီမှာကြည့်စမ်း ... ပွင့်ဝါ"

ဟု ပြောလိုက်သောအခါ ပွင့်ဝါမှာ ထိုနေရာအား လှမ်းကြည့်လျက် ...

"အစ်မ ... နှင် ထင်မြင်ရာတွေပဲ စွတ်မပြောနဲ့၊ အိပ်ရာပေါ်မှာ ဆံပင်တွေ့တာ ငါ့ဆံပင်ပဲ ဖြစ်မှာပေါ့၊ နှင့်ရဲ့ အပျိုကြီးပီပီ ချဲ့ကားတတ်တဲ့ အကျင့်ကို ဖျောက်လိုက်ပါ၊ ဒီအချိန်မှာ ငါ ဘယ်လောက်ကြေကွဲနေလဲဆိုတာ နှင်သိဖို့ကောင်းပါတယ်"

ဟု ရှိုက်ကြီးတငင် ငိုကြွေးလျက် ပြောလိုက်၏။ အပျိုကြီး မအိမ်ပွင့်မှာ ဖွဲ့မလျှော့ဘဲ ...

"နှင်တို့အခန်းထဲမှာ ပြောတဲ့ စကားတွေ ငါ အားလုံးကြားပြီးပြီ၊ သက်မောင်နဲ့အပြိုင် သကြားစက်အဟောင်းကို လေလံဆွဲရင်း ရှုံးခဲ့တဲ့ ကျော်ဘက်မဲစိုးကြည်နဲ့ စားသောက်ဆိုင် ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မဟုတ်လား၊ စိုးကြည် ရန်ကုန်က ဝယ်
လာတဲ့ ဘဲကင်ကို နင့်ယောကျ်ားစားတာလည်း
ငါ ကြားတယ်၊ နင့်ယောကျ်ားကိုက လည်မ
ယောင်နဲ့ အ,တာဟဲ့၊ ဘယ့်နှယ် ... ကိုယ်နဲ့ပြိုင်
ဘက်ကိုမှ သူကျွေးတာ စားရတယ်လို့၊ ဟိုက
... အစာထဲ ဆေးခတ်တော့ ဘာ တတ်နိုင်သေး
လဲ၊ နင် လင်တစ်ယောက်လုံး ဆုံးရှုံးရပြီမဟုတ်
လား၊ အဲဒါ ... နင်တို့ ဘာမှ အယုံအကြည်မရှိ
လို့, အယူအစွဲမရှိလို့ ဖြစ်ကြရတာ"
ဟု အယူသီးစွာ ပြောလိုက်လေ၏။

ပွင့်ဝါတစ်ယောက် အစ်မဖြစ်သူအား ဘယ်လိုမှ သည်း
မခံနိုင်တော့ဘဲ ...

"အစ်မ ... နင် ငါ့ကို သေအောင် လုပ်နေ
တာလား၊ နင့်စကားတွေ ရပ်လိုက်တော့၊ ငါ့
ကိုယ်ငါ သတ်သေပစ်ချင်စိတ်တွေ ပေါက်နေ
ပြီနော်၊ အမယ်လေး ကိုမောင်ရဲ့ ... ပွင့်ဝါရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို လာကြည့်ပါဦး”

ဟု အော်ဟစ်ကာ အသိစိတ်ကင်းမဲ့သူတစ်ယောက်နှယ် ကြွးနေရှာ၏။

အပျိုကြီးမအိမ်ပွင့်မှာ ဘာစကားမှမဆိုတော့ဘဲ မျက်နှာ ာအယာဖြင့် ကလေးချီလျက် အခန်းထဲမှ ထွက်သွားလေ ာ၏။

✶

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

နေ့ချင်း ညချင်းဆိုသလို ၎င်းတို့၏အိမ်မှာ အသုဘအိမ် အဖြစ် အသွင်ပြောင်းသွား၏။

ခြံဝင်းထဲ ထိုးထားသောကုလားဖျင်းအောက်သို့ သတင်းမေးသူ ဆွေမျိုးမိတ်သင်္ဂဟများ တဖွဲဖွဲရောက်ရှိလာသလို...

အပျိုကြီး မအိမ်ပွင့်သည်လည်း လာသမျှ ဆွေမျိုးများ

www.burmeseclassic.com

www.burmeseclassic.com



အား လက်တို့လျက် သက်မောင်မှာ သွေးရိုးသားရိုး သေဆုံးခြင်းမဟုတ်ကြောင်း အာဘောင်အာရင်းသန်စွာ ပြောလျက်ရှိ၏။

အပျိုကြီး၏အပြောကို တချို့က ယုံသွားကြသလို ...

တချို့သည်လည်း မယုံကြည်သော်ငြား အငြင်းအခုန်မလုပ်ချင်သဖြင့် အောင့်အီးနားထောင်နေရရှာ၏။

ပွင့်ဝါမှာ ယောကျ်ားစိတ်ဖြင့် အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ရ၏။

ဆွေမျိုးများသည် ကလေးငယ်အား ဝိုင်းဝန်းထိန်းကျောင်းပေးကြသဖြင့် အပျိုကြီးမှာ ကွာစေ့လေးတကိုက်ကိုက်ဖြင့် သတင်းဖြန့်နိုင်ခြင်း ဖြစ်လေ၏။

ညသို့ရောက်လျှင် ဖဲဝိုင်းဖွဲ့ရန်အတွက် သက်မောင်၏အပေါင်းအသင်းများ ရောက်ရှိလာကြ၏။

လူစုံလျှင် ဖဲဝိုင်းထံမှ ငြင်းသံ, ခုန်သံ, တွတ်ထိုးသံများဖြင့် အသုဘအိမ်လေးမှာ စည်ကားလျက် ရှိလေ၏။

ညဉ့်နက်လာသည်နှင့်အမျှ ဖဲဝိုင်းမှာ ပိုမိုစည်ကားလာသလို ...

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဝါသည်လည်း ဆရာဝန်ပေးသော အိပ်ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီ ဖြစ်၏။

အပျိုကြီးမအိမ်ပွင့်မှာ ဆွေမျိုးတစ်စုနှင့် ဝိုင်းဖွဲ့ထိုင်လျက် အချိန်ကြာမြင့်စွာ စကားပြောဆိုထားသဖြင့် ညောင်းညာလာကာ ထိုဝိုင်းမှ ထခဲ့လေ၏။

အပျိုကြီးသည် ခြံဝိုင်းထဲရှိ ဖဲဝိုင်း၏အခြေအနေကို စပ်စုရန် အပေါ်ထပ်မှ ဆင်းခဲ့၏။

လှေကားတစ်ဝက်မျှအရောက်တွင် အပေါ်ထပ်လှေကားတံခါးဖွင့်သံကို ကြားလိုက်ရ၏။

ထို့ကြောင့် ခြေလှမ်းတုံ့လျက် လည်ပြန်လှည့်ကြည့်မိ၏။

ထိုအခါ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့်

"အမယ်လေး ... သရဲ ...

သရဲ ... သရဲ"

ဟု ငယ်သံပါမတတ် အော်ဟစ်ကာ ထဘီစွန်တောင်ဆွဲလျက် ပြေးဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး၏အော်ဟစ်သံကြောင့် တစ်အိမ်လုံး ဝရုန်းသုန်းကားဖြစ်သွားပြီး အပေါ်ထပ်ရှိ လူများ ပြေးဆင်းလာသလို အောက်ထပ်ရှိ ဖဲသမားများပါ ပြေးလာကြ၏။

"ဘာဖြစ်တာလဲ၊ ဘယ် ... ဘယ်မှာလဲ သရဲ"

လူအများ၏ ဝိုင်းဝန်းမေးသံများ ညံညံစီသွား၏။

အပျိုကြီးမအိမ်ပွင့်မှာ အလွန်အမင်း ထိတ်လန့်ဟန်ဖြင့် လှေကားထိပ်သို့ ညွှန်ပြလျက် ...

"သက် ... သက်မောင် ... ငါ့ကိုခြောက်တယ်၊ လှေ ... လှေကားထိပ်မှာ"

ဟု ပြောလိုက်ရာ လူများသည် ခေါင်းမွေးထောင်မတတ် ထိတ်လန့်သွားကြပြီး ...

"ဘယ် ... ဘယ်လိုခြောက်တာလဲ"

ဟု ပြိုင်တူမေးလိုက်ကြ၏။

မအိမ်ပွင့်တစ်ယောက် မျက်လုံးပြူး မျက်ဆံပြူး အမူအရာဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါ ... လှေကားက ဆင်းလာတုန်း အပေါ်ထပ်လှေကား တံခါးဖွင့်သံကြားလိုက်ရတယ်၊ ငါလည်း ဘယ်သူ လိုက်ဆင်းလာသလဲဆိုတာ သိချင်စိတ်နဲ့ နောက်ပြန်လှည့်ကြည့်လိုက်တော့"

ဟု ပြောလိုက်ရာ လူများမှာ စိတ်ဝင်တစား အမူအရာများဖြင့် ...

"ဘာ ... ဘာတွေ့ရသလဲ"

ဟု ဝန်းဝိုင်းစကားထောက်လိုက်ကြ၏။

အပျိုကြီးသည် တံတွေးမျိုချလျက် ...

"အဲ ... အဲဒီမှာ လှေကားကို နောက်ပြန်ကြီးဆင်းလာတဲ့ သက် ... သက်မောင်ကို တွေ့ရတာပဲ"

ဟု ပြောလိုက်ရာ ကြောက်တတ်သူများမှာ ကြက်သီးများ ဖြန်းခနဲ ထသွားကြ၏။

ဖဲသမားတစ်စုသည် ထိုစကားကို မယုံမကျဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ...

"မဖြစ်နိုင်တာဗျာ၊ အပျိုကြီး ကြောက်တတ်မှန်းသိလို့ တစ်ယောက်ယောက်က နောက်ပြောင်တာ ဖြစ်မှာပါ၊ ပြီးတော့ ... ကျောပေးဆင်းလာတာဆိုတော့ ခင်ဗျားမှ မျက်နှာကို မတွေ့ရဘဲ၊ လုံးဝ ... သက်မောင် မဖြစ်နိုင်ဘူး" ဟု ထင်ကြေးပေးလိုက်ကြ၏။

အပျိုကြီးသည် သူမ၏စကားကို မယုံသူများအား မျက်လုံးစွေကြည့်လျက် ...

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ သက်မောင် အသက်ထွက်ချိန်မှာ စပို့ရှပ်အပြာနဲ့ ဘောင်းဘီအနက် ဝတ်ထားတာဟဲ့၊ အဲဒီဝတ်စုံအတိုင်း မြင်လိုက်ရတာ၊ ငါကိုယ်တိုင် လိပ်ပြာလွင့်မတတ် အရမ်းလန့်သွားတာ၊ နင်တို့ကို မဟုတ်ဘဲ ပြောစရာ ဘာအကြောင်းမှ မရှိဘူး"

ဟု ပြောလိုက်ရာ ဖဲသမားတစ်ယောက်...

www.burmeseclassic.com



အကျီအား ဆွဲကိုင်၍ ...

"ဟဲ ... ဟဲ ... ဒါဆိုရင် အပျိုကြီးမြင်တာ ကျုပ်ပဲ ဖြစ်ရမယ်၊ ဒီမှာလေ ... စပို့ရှပ်အပြာရောင် ဝတ်ထားတာ၊ ကျုပ် ဖဲရိုက်ရင်း ဈာန်နဲ့ အပေါ်ထပ်ရောက်သွားတာ ဖြစ်ရမယ်ဗျို့"

ဟု လှောင်သလို ပြောလိုက်၏။

ထိုလူ၏စကားကြောင့် ဖဲသမားများထံမှ သဘောကျ ဟန်ဖြင့် ဟားတိုက်ရယ်မောသံများ ညံစီသွားလေ၏။

အပျိုကြီးမအိမ်ပွင့်သည် ဖဲသမားများအား မကျေမချမ်း ကြည့်လျက် ခြေဆောင့်နင်းကာ ၎င်းတို့အနီးမှ ထွက်သွားတော့ ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် သက်မောင်၏ဈာပနကိစ္စ ပြီးစီးသောနေ့၌ ပွင့်ဝါတို့၏အိမ်ရှေ့သို့ လော်ရီကားကြီးတစ်စီး ထိုးဆိုက်လာ၏။

အပျိုကြီးမအိမ်ပွင့်မှာ ပြတင်းပေါက်မှ လှမ်းကြည့်လျက်

"ပွင့်ဝါရေ ... ခြံရှေ့မှာ ကားတစ်စီး ရောက်နေတယ်၊ တို့အိမ်ကို လာတာလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းပြောလိုက်သဖြင့် နို့ဘူးဆေးနေသော ပွင့်ဝါမှာ အောက်ထပ်သို့ ဆင်းခဲ့ရလေ၏။

ခြံထဲဆင်း၍ ကြည့်လိုက်ရာ ယောကျ်ားဖြစ်သူ၏ လုပ်ဖော်ကိုင်ဖက် ချစ်ဝင်းဆိုသူအား တွေ့ရ၏။

"ဩော် ... ကိုချစ်ဝင်းပါလား၊ လာပါရှင်
... ခြံတံခါးကိုဖွင့်ပြီး ဝင်ခဲ့လို့ရပါတယ်"

ပွင့်ဝါ၏အသံကြောင့် ချစ်ဝင်းဆိုသူသည် ပြုံးပြလျက် ခြံတံခါး ဖွင့်ဝင်လာ၏။

ထို့နောက် ခြံထဲရှိ စားပွဲ၌ ဝင်ထိုင်ရင်း ...

"သက်မောင်ရဲ့ နာရေးကို ရောက်မလာဖြစ်တာ ခွင့်လွှတ်ပါ မပွင့်ဝါ၊ ကျုပ်နဲ့သက်မောင်က အကျိုးတူစီးပွားဖက်တွေဆိုတာ မပွင့်ဝါ သိပြီးဖြစ်မှာပါ၊ ကျုပ် သက်မောင်ခိုင်းတဲ့အတိုင်း သကြားစက်က လေလံပစ္စည်းကိစ္စနဲ့ ခရီးလွန်နေခဲ့တယ်၊ ဆန့်သောလက် မကွေးမီ ကွေးသောလက် မဆန့်မီ ဆိုတဲ့စကားက တယ်မှန်

www.burmeseclassic.com

www.burmeseclassic.com



ပါလားဗျာ၊ ကျူပ်ဖြင့် မြို့ကို ရောက်ရောက်ချင်း သက်မောင်ဆုံးပြီဆိုတဲ့ သတင်းကြားရတော့ တကယ် တုန်လှုပ်သွားတယ်၊ မပွင့်ဝါတို့ မိသားစုနဲ့ ထပ်တူ ကြေကွဲမိပါတယ်ဗျာ”

ဟု မျက်ရည်ဝေ့ဝဲသော စကားကို ဆို၏။

ပွင့်ဝါမှာ သက်ပြင်းသဲ့သဲ့ ရှိုက်မိရင်း ...

“မမျှော်လင့်တာတွေ ဖြစ်ပျက်တတ်တာ လောကရဲ့မမှတာပဲ ကိုချစ်ဝင်းရဲ့၊ ပွင့်ဝါတို့လည်း ခုထိ ကိုသက်မောင်အတွက် ဖြေမဆည်နိုင်အောင် ဖြစ်နေကြတာပေါ့၊ ဩော် ... ကိုချစ်ဝင်း လာရင်းကိစ္စက”

ဟု မေးလိုက်ရာ ကိုချစ်ဝင်းမှာ ဝေ့ဝဲတက်လာသော မျက်ရည်များအား မျက်တောင်ဖြင့် ပုတ်ခတ်လျက် ...

“သကြားစက်အဟောင်းကို လေလံရဖို့ ကြိုးစားတဲ့ ကိစ္စဟာ သက်မောင်ရဲ့နောက်ဆုံး အမှတ်တရပါပဲ မပွင့်ဝါ၊ သက်မောင်ရဲ့ ညွှန်

www.burmeseclassic.com

www.burmeseclassic.com



ကြားချက်အတိုင်း သကြားစက်မှာရှိတဲ့ သံထည်ပစ္စည်းတွေကို ကျုပ်တို့အားလုံး ဖြုတ်ယူခဲ့ပြီးပါပြီ၊ ရရှိခဲ့တဲ့ သံထည်ပစ္စည်းတစ်ဝက်ကျော်ကို ကုန်သည်တွေနဲ့ တွေ့ဆုံပြီး ကျုပ်ရောင်းချခဲ့ပြီးပါပြီ၊ ဟောဒါက ... သံထည်တွေရောင်းချရတဲ့ ငွေကြေးနဲ့ စာရင်းပါ မပွင့်ဝါ"

ဟု ဆိုကာ ငွေစက္ကူတစ်ထပ်ကြီးနှင့် စာရင်းစာအုပ်တစ်အုပ်ကို ကမ်းပေးလာ၏။

ပွင့်ဝါသည် ငွေနှင့် စာရင်းစာအုပ်အား လှမ်းယူရင်း...

"ကားပေါ်က ပစ္စည်းတွေကရော ... ဘာလုပ်ဖို့လဲ ကိုချစ်ဝင်း"

ဟု မေးလိုက်ရာ ကိုချစ်ဝင်းမှ ...

"ကားပေါ်မှာပါတဲ့ သံထည်တွေက လောလောဆယ် ရောင်းမထွက်သေးတဲ့ ပစ္စည်းတွေပါ၊ ရောင်းမထွက်သေးတဲ့အတွက် မပွင့်ဝါရဲ့အိမ်မှာပဲ ထိန်းသိမ်းထားပေးဖို့ ကျုပ် လာပို့

www.burmeseclassic.com



ရတာပါ၊ ကျုပ်တို့ကို ပစ္စည်းတွေ နေရာချဖို့ လုပ်ပေးပါဦး မပွင့်ဝါ”

ဟု ဆိုသဖြင့် ပွင့်ဝါမှာ ကိုချစ်ဝင်း၏ ရိုးသားသော စိတ်ဓာတ်အား များစွာ လေးစားသွားရလေ၏။

ထို့ကြောင့် ...

“ကျေးဇူးတင်ပါတယ် ကိုချစ်ဝင်းရယ်၊ ရှင့်ရဲ့ သစ္စာရှိမှု၊ ရိုးသားမှုတွေကို ကျွန်မ တကယ်ကို လေးစားမိပါတယ်၊ ရှင်သာ ငွေနဲ့ပစ္စည်းတွေ လာမပေးရင် ကျွန်မ ဘာမှ သိမှာမဟုတ်ပါဘူး”

ဟု ကျေးဇူးစကား ဆိုမိလေ၏။

ထို့နောက် သူမသည် အိမ်ကြီး၏မြေတိုက်ခန်းတွင်း၌ သံထည်ပစ္စည်းများ ထိုးသိုရန် စီစဉ်ပေးလိုက်၏။

ကိုချစ်ဝင်းတို့ ပြန်သွားသောအခါ အပျိုကြီးမအိမ်ပွင့်မှ

“ဟဲ့ ... ခုနက မြေအောက်ခန်းထဲထည့်တာ သကြားစက်က ပစ္စည်းတွေ မဟုတ်လား၊

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ... မဖြစ်ဘူး၊ သရော်ကင်ပွန်းနဲ့ သပြေခက် ပြေးဝယ်မှပဲ”

ဟု ဆိုလိုက်ရာ ပွင့်ဝါမှာ မျက်မှောင်ကြုတ်လျက် ...

“အင် ... ဘာလုပ်ဖို့လဲ အစ်မ၊ နင် ပေါက်ကရတွေ လျှောက်မလုပ်နဲ့နော်”

ညီမဖြစ်သူ၏အပြောကြောင့် မအိမ်ပွင့်မှာ မျက်နှာရှုံ့မဲ့လျက် ...

“ဟဲ့ ... သကြားစက်ဆိုတာမျိုးက အလုပ်သမားပေါင်း မြောက်မြားစွာနဲ့ ... အလုပ်လုပ်ရတာ မဟုတ်လား၊ လုပ်ငန်းခွင်မှာ မတော်တဆမှုနဲ့ သေဆုံးတဲ့ အလုပ်သမားတွေ ဒုနဲ့ဒေး ရှိနိုင်တယ်ဟဲ့၊ ဒီလူတွေက မကျွတ်လွတ်ဘဲ စက်ပစ္စည်းတွေမှာ စွဲကပ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ ဒါကြောင့် စိတ်ရှင်းရအောင် သရော်ကင်ပွန်းရည်နဲ့ သပြေခက်ရိုက်မလို့ဟဲ့၊ သိပြီလား”

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဆိုင်ကယ်ထုတ်၍ ထွက်သွားလေ၏။

ပွင့်ဝါမှာ အစ်မဖြစ်သူ၏နောက်ကျောကို စိတ်မသက်သာဟန်ဖြင့် ကြည့်လျက် ...

"အစ်မ ... အစ်မ ... နင်လည်း သေမှပဲ အယူသီးမှုတွေက လွတ်မြောက်မယ်ထင်ပါ့၊ နင့်ရဲ့အယူသီးမှုတွေက ... နင့်ကို ပြန်ပြီး ဒုက္ခမပေးပါစေနဲ့လို့ပဲ ငါ ဆုတောင်းပေးရတော့မှာပါ"

ဟု တီးတိုးရေရွတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသောညဉ့်၌ အပျိုကြီးမအိမ်ပွင့်တစ်ယောက် တောင်

စဉ်ရေမရ တွေးတောရင်း အိပ်မပျော်နိုင်အောင် ဖြစ်နေရှာ၏။

သူမ ... အိပ်ရာထက် ဘယ်ညာလူးလိမ့်လျက် တောင်

ကြည့်မြောက်ကြည့် လုပ်နေမိ၏။ ထိုစဉ် ...

'ဒုန်း ... ဂလုံ ... ဂလုံ

www.burmeseclassic.com

www.burmeseclassic.com



ဒုန်း ... ဒုန်း ... ဒုန်း’

ဆိုသည့် အသံဗလံများကို နားထဲ သဲ့သဲ့မျှ ကြားလိုက်ရ၏။

သူမ ... အိပ်ရာထက်မှ ခေါင်းထောင်လျက် နားစိုက်ထောင်မိ၏။

“ဟင် ... ဒါ ... ဒါ ... မြေအောက်ခန်းထဲက အသံပဲ၊ ဘုရား ... ဘုရား ... လူသူမရှိတဲ့ မြေအောက်ခန်းမှာ အသံတွေ ကြားရတယ်ဆိုတော့ သကြားစက်ဟောင်းရဲ့ သံတိုသံစတွေမှာ ကပ်ပါလာတဲ့ ဝိညာဉ်တွေများ အသံပြုလေရော့သလား၊ အမယ်လေး ... တွေးမိရုံနဲ့ ကြက်သီးထလာပြီ၊ မဖြစ်ဘူး ... မဖြစ်ဘူး၊ ပွင့်ဝါကို သွားနှိုးမှပဲ”

အတွေးနှင့်အတူ အပျိုကြီးမှာ ပွင့်ဝါ၏ အခန်းထဲဝင်ခဲ့လေ၏။

နှစ်ခြိုက်စွာ အိပ်မောကျနေသော ညီမဖြစ်သူအား ...

www.burmeseclassic.com

www.burmeseclassic.com



•

"ပွင့်ဝါ ... ပွင့်ဝါ ... ဟဲ့ ... ထဦး ... ထ ... ထ"

ပွင့်ဝါတစ်ယောက် အိပ်မှုန်စုံမွှားဖြင့် နိုးလာပြီး ...

"အင် ... ဘာလဲ ... ငါ အိပ်ရေးပျက်တာ သိပ်မျှားနေပြီဟ၊ အေးအေးဆေးဆေး အိပ်ပါရစေ၊ အစ်မရာ ... နင် သွားအိပ်စမ်းပါ"

ဟု ညည်းညူလျက် တစ်ဖက်သို့လှည့်ကာ အိပ်စက်သွား၏။

"ဟဲ့ ... မြေအောက်ခန်းက အသံတွေ ကြားနေရလို့ နင့် လာနှိုးတာဟဲ့၊ ထစမ်းပါ ... သွားကြည့်ရအောင်"

သူမ ... ပွင့်ဝါအား ဆွဲလှုပ်လျက် ပြောလိုက်၏။

ပွင့်ဝါမှာ နားကို ခေါင်းအုံးဖြင့် ဖိလျက် ...

"အာ ... နင့်ဟာနင် သွားကြည့်ပါလား၊ ကလေးက တစ်ညလုံး ဂျီကျနေတာ ... နင် မသိဘူးလား၊ ငါ အိပ်ရတာ ဘယ်လောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးဘူး၊ သွား ... နင့်ဟာနင် ကြည့်လိုက်"

ဟု ရေရွတ်ရင်း ပြန်လည် အိပ်ပျော်သွားပြန်၏။

မအိမ်ပွင့်တစ်ယောက် လက်လျှော့လိုက်ပြီး အောက်ထပ်သို့ သတ္တိကောင်းစွာ တစ်ဦးတည်း ဆင်းခဲ့၏။

သူမ ... တုန်ယင်သောခြေထောက်များအား အားတင်းကာ မြေအောက်ခန်းဘက်သို့ တရွေ့ရွေ့ လျှောက်ခဲ့၏။

အရိုးကွဲမတတ် ချမ်းစိမ့်သော အအေးဓာတ်နှင့်အတူ ခြံအနောက်ဘက် ဖြတ်လမ်းဆီမှ ပျံ့လွင့်လာသော ချွေးအနံ့ကြောင့် သူမ ... ကြက်သီးဖြန်းဖြန်း ထသွားမိ၏။

တုန်ယင်သော လက်အစုံဖြင့် မြေအောက်ခန်း၏တံခါးမင်းတုပ်ကို ဆွဲဖွင့်လိုက်၏။

'ကျွိ' ... ခနဲ အသံနှင့်အတူ တံခါးပွင့်သွားလျှင် သူမနံရံရှိ မီးခလုတ်ကို စမ်း၍ ဖွင့်လိုက်လေ၏။

သို့သော် ... 'ချောက်' ...ခနဲ အသံသာ ကြားရသော်ငြားမီးမှာ လုံးဝ လင်းမလာချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မီးက ဖွင့်မရတော့ပါလား၊ မီးသီး ကျွမ်းသွားပြီထင်တယ်"

မအိမ်ပွင့်သည် ထိုသို့ ရေရွတ်ရင်း အသင့်ယူလာသော လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်၏။

ထိုဓာတ်မီးအလင်းရောင်ဖြင့်ပင် မြေအောက်ခန်းအနှံ့ ကြည့်လိုက်မိ၏။

သူမ၏ချောက်ချားစိတ်ကြောင့်လား၊ ဘာကြောင့်မှန်း တော့ မသိ ...။

နံရံ၌ လူများ လှုပ်ရှားနေသည့် အရိပ်လိုအရာများကို သူမ မျက်ဝါးထင်ထင် တွေ့လိုက်ရလေ၏။

ထိုအရိပ်များသည် တရွေ့ရွေ့ လှုပ်ရှားကာ သူမ ရပ်နေ သည့် တံခါးပေါက်အနီးသို့ ရောက်လာသလို ခံစားလိုက်ရချိန် ၌ မအိမ်ပွင့်တစ်ယောက် လက်မှ ဓာတ်မီးလွတ်ကျသွားပြီး ထိုနေရာ၌ပင် အသံမျှပင် မထွက်နိုင်ရှာဘဲ လဲကျသွားလေတော့ ၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

အဝေးဆီမှ ပျံ့လွင့်လာသော အုန်းမောင်းခေါက်သံ

ကြောင့် ပွင့်ဝါတစ်ယောက် လန့်နိုးလာ၏။

ထို့နောက် အိပ်ရာထက်မှ လူးလဲထကာ အောက်ထပ်သို့

ဆင်းခဲ့၏။

မီးဖိုခန်းသို့ရောက်လျှင် ဆွမ်းချက်နေသော အစ်မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သူကို မမြင်သဖြင့် မျက်လုံးအစုံ ပြူးကျယ်သွားပြီး ...

"ဒီအချိန်က အစ်မ ဆွမ်းချက်ချိန်ပဲ၊ ဘာလို့ ဆွမ်းမချက်သေးပါလိမ့်၊ အိပ်များ ပျော်နေရော့သလား"

ဟူသော အတွေးဖြင့် သူမ အပေါ်ထပ်သို့ပြန်တက်ခဲ့၏။

မအိမ်ပွင့်၏အိပ်ခန်း ခန်းဆီးစကို အသာလှပ်၍ ကြည့်မိရာ အိပ်ရာ၌မတွေ့ရချေ။

ရင်ထဲ လှိုက်တက်လာသော ပူပန်စိတ်နှင့်အတူ ပွင့်ဝါတစ်ယောက် ခြံထဲသို့ ပြေးဆင်းခဲ့၏။

"အစ်မရေ ... အစ်မ ... နင် ဘယ်ရောက်နေလဲ ... အစ်မ"

သူမ တစာစာအော်ဟစ်ရင်း အိမ်အနောက်ဘက်သို့ ရောက်ရှိသွား၏။

ထိုအခါ မြေအောက်ခန်းအဝ၌ ခွေလဲနေသော အိမ်ဖြစ်သူကို တွေ့လိုက်ရ၏။

သူမ ... မအိမ်ပွင့်၏ကိုယ်ကို လှုပ်နှိုးလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ... အစ်မ ... နင် အိပ်ရာထဲ မအိပ် ဘဲ ဘာလို့ ဒီမှာ အိပ်နေရတာလဲ၊ ထ ... ထ ... ဆွမ်းချက်ရဦးမယ်"

ဟု ရေရွတ်လိုက်၏။

သို့သော် ... မအိမ်ပွင့်မှာ လုံးဝ နိုးရှမရပေ။

ပွင့်ဝါမှာ ထိုအဖြစ်ကြောင့် မျက်လုံးပြူးသွားပြီး အိမ်ပေါ် ပြေးတက်ကာ ဆရာဝန်အား ဖုန်းဆက်ခေါ်တော့၏။

မိသားစုဆရာဝန် ရောက်လာသောအခါ ပွင့်ဝါနှင့် ဆရာဝန်မှာ မအိမ်ပွင့်ကို ပွေ့ချီကြရင်း အိမ်ထဲသွင်းခဲ့ကြလေ၏။

ဆရာဝန်သည် မအိမ်ပွင့်အား စမ်းသပ်ကြည့်ရှုပြီး နောက် ...

"အပျိုကြီးရဲ့ နှလုံးခုန်သံကို သိပ်အားမရဘူးဗျာ၊ နှလုံးက သိပ်အားနည်းနေတယ်၊ လို အပ်တဲ့ စစ်ဆေးမှုတွေလုပ်ဖို့ ဆေးရုံတင်ဖို့ လို လိမ့်မယ် ပွင့်ဝါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ပွင့်ဝါတစ်ယောက် အကြီးအကျယ် တုန်လှုပ်သွားရလေ၏။

"ဟင် ... ဒါ ... ဒါဆို အစ်မဆီမှာ နှလုံး ရောဂါ ရှိနေတာပေါ့၊ ဖြစ်ရလေ ဒေါက်တာ ရယ်၊ အစ်မခများ သူ့မှာ ဒီရောဂါရှိတာ သိ တောင် မသိရှာဘူး"

ပွင့်ဝါတစ်ယောက် ဝမ်းနည်းကြေကွဲစိတ်နှင့်အတူ ရှိုက် ကြီးတငင် ငိုချမိ၏။

"သိပ်လည်း စိတ်မပူပါနဲ့ ပွင့်ဝါ၊ ဒီရောဂါ မျိုးက အရှင်းမပျောက်ကင်းနိုင်ပေမယ့် အချိန် ပေး ကုသရင် အန္တရာယ် မရှိပါဘူး၊ ကဲ ... အချိန်မှီလေး ဆေးရုံတင်ရအောင်ဗျာ"

ဆရာဝန်သည် ထိုသို့ဆိုပြီးနောက် အိမ်မှ ကားနှင့်ပင် အပျိုကြီးအား ဆေးရုံတင်ရန် စီစဉ်လေ၏။

✷

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် အပျိုကြီးမအိမ်ပွင့်တစ်ယောက်. ဆေးစစ်ဆေးမှုများ ခံယူရင်း ဆေးရုံ၌ နားနေရလေ၏။

ပွင့်ဝါမှာ ဆွေမျိုးနီးစပ်တော်သူများအား အိမ်၌ ခေါ်ထား၍ ကလေးကို ဝိုင်းကူထိန်းခိုင်း၏။

ဆေးရုံသို့ ထမင်းချိုင့်ပို့သွားရင်း အပ်မဖြစ်သူအား ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်မရယ် ... နင် ဘာလို့ မြေအောက်ခန်းမှာ လဲနေရတာလဲ၊ ငါဖြင့် နင့်မတွေ့ရတော့ လန့်သွားတာပဲ"

ဟု မေးမြန်းလိုက်ရာ အပျိုကြီးက ...

"ငါ နင့်ကို ဟိုတစ်နေ့တည်းက မပြောခဲ့ဘူးလား၊ သကြားစက်က သယ်လာတဲ့ ပစ္စည်းတွေမှာ ဝိညာဉ်တွေ ပါလာတယ်ဟာ၊ အဲဒီညက ငါ မအိပ်ရဘူး၊ မြေအောက်ခန်းထဲက အသံတွေလည်း ကြားနေရတယ်၊ နင့်ကိုတောင် ဆင်းကြည့်ဖို့ ငါ နှိုးသေးတယ်၊ နှိုးမရလို့ ငါ့ဘာသာ ဆင်းကြည့်တာ၊ ငါ မြေအောက်ခန်းထဲရောက်တော့ ဘာမြင်တယ် မှတ်သလဲဟဲ့၊ နံရံမှာ လူအရိပ်တွေ အများကြီးပဲ၊ အရိပ်တွေဟာ တဖြည်းဖြည်း ရွေ့လျားပြီး ငါ့အနား ရောက်လာသလို ခံစားလိုက်ရတယ်၊ ငါလည်း ... တအား လန့်သွားတာပေါ့၊ ပြီးတော့ ... ငါ

www.burmeseclassic.com

www.burmeseclassic.com



သတိမေ့သွားတော့တာပဲ"

အစ်မဖြစ်သူ၏စကားကြောင့် ပွင့်ဝါမှာ ခေါင်းခါယမ်းလိုက်ရင်း ...

"အစ်မ ... နင် ဘာလို့ ဒီလောက် ကြောက်တတ်ရတာလဲ၊ အခု နင့်မှာ နှလုံးရောဂါရှိနေပြီ၊ ဒီလိုသာ ကြောက်တတ်လွန်းအားကြီးရင် နင် အသက်တိုလိမ့်မယ်နော်၊ သိရဲ့လား"

ဟု ပြောလိုက်ရာ အပျိုကြီးက ...

"ငါက ကြောက်တတ်တာ မဟုတ်ဘူး၊ မမြင်ရတဲ့ ပရလောကကို ယုံကြည်တာ၊ ဘုန်းကြီးတွေဟောတဲ့ တရားထဲမှာတောင် ရှိတယ်၊ ရုပ်နဲ့နာမ်ဆိုတာ၊ နာမ်ဆိုတာ ... ဝိညာဉ်ကို ပြောတာ မဟုတ်ဘူးလား၊ ဝိညာဉ်ဆိုတာ တကယ်ရှိတယ်၊ နင့်ယောကျ်ား သက်မောင်တောင် သူများ ဆေးခတ်လို့ သေတာ မဟုတ်လား၊ သူ့ရဲ့ဝိညာဉ်က ကျွတ်လွတ်မယ်လို့ နင်

www.burmeseclassic.com

www.burmeseclassic.com



ထင်သလား၊ နင်သာ ဘာအယူအဆမှမရှိတာ၊ နင် တစ်နေ့ ဒုက္ခတွေ့လိမ့်မယ်၊ အဲဒါ ... မှတ်ထား”

ဟု မကျေမနပ် ပြန်ပြောလေ၏။

မအိမ်ပွင့်၏စကားကြောင့် ပွင့်ဝါမှာ စိတ်ပျက်သွားပြီး

“နင် မဟုတ်တာတွေ လျှောက်မပြောနဲ့ အစ်မ၊ ငါ့ယောကျ်ားသေတာ အစာအိမ် သွေးကြောပေါက်လို့ သေရတာ၊ ဘာမှ သူများ မပြုစားဘူး၊ နင့်ရဲ့အယူသီးမှုတွေ၊ ကြောက်လန့်တတ်တဲ့ အစွဲတွေကို ရအောင်ဖျောက်ပေတော့၊ နင့်အတွက် ငါ စေတနာနဲ့ သတိပေးတာ၊ ကဲ ... ငါပြန်တော့မယ်၊ လိုအပ်တာရှိရင် ဒေါက်တာ့ကို ဖုန်းဆက်ပြောခိုင်း၊ ငါလည်း ကလေးတစ်ဖက်နဲ့ အားတာမဟုတ်ဘူး၊ နေ့တိုင်းတော့ လာမကြည့်နိုင်ဘူး၊ သွားမယ်”

ဟု ပြောဆိုကာ ဆေးရုံမှ ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးမအိမ်ပွင့်သည် ပွင့်ဝါ ထွက်သွားသောအခါ လူနာခုတင်ထက် ခေါင်းမှီလျက် သက်မောင်သေဆုံးပုံကို ပြန်တွေးမိလေ၏။

"သက်မောင်သေတာ ကျောက်မဲစိုးကြည်က အစာထဲ ဆေးခတ်လို့ သေရတာ၊ သူ သွေးတွေအန်တော့ ဆံပင်မွေးတွေမှ တစ်ထွေးကြီးပဲ၊ ဒါဟာ ပွင့်ဝါရဲ့ဆံပင် ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ပြုစားခံရလို့ သေတာ သေချာတယ်၊ ပြီးတော့ ... သူ့အသုဘတုန်းကလည်း ငါ့ကို ခြောက်လှန့်သေးတယ်၊ လှေကားပေါ်ကနေ နောက်ပြန်ကြီးဆင်းလာတာ ငါ့မျက်လုံးနဲ့ကို တပ်အပ်တွေ့ခဲ့တာပဲ၊ သက်မောင် မကျွတ်လွတ်တာ သေချာတယ်၊ အေးပေါ့လေ ... သူ့မှာ မိန်းမနဲ့ကလေးငယ် ကျန်ခဲ့တော့ အစွဲကြီး စွဲမှာပေါ့၊ သက်မောင်ရေ ... နင့်ကို ငါ အမျှပေးပါတယ်၊ အမျှ ... အမျှ ... အမျှ"

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး မအိမ်ပွင့်၏ တစ်ယောက်တည်း စကားပြောရင်း အမှုပေးသံကြောင့် ဘေးခုတင်ရှိ လူနာအများကြီးမှာ သူမအား မျက်လုံးပြူးလျက် ငေးစိုက်ကြည့်နေရှာ၏။

✱

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

ညသည် တဖြည်းဖြည်းနက်လာသလို ဆေးရုံတစ်ခုလုံး တိတ်ဆိတ်လျက် ရှိလေ၏။

ဆေးရုံရှိ လူနာအားလုံး ငြိမ်သက်စွာ အနားယူကြသော်လည်း အပျိုကြီးမအိမ်ပွင့်တစ်ယောက် လူနာခုတင်ထက် ဘယ်ညာလူးလှိမ့်ရင်း မျက်လုံးများ ကြောင်နေပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိပ်ရာပေါ်မှဆင်းကာ လူနာဆောင်၏ ပြတင်းပေါက်ရှိရာ လျှောက်သွားလိုက်၏။

သူမ ... ပြတင်းပေါက်၌ရပ်ရင်း ဆေးရုံ၏ပြင်ပအား အဓိပ္ပာယ်မဲ့စွာ ငေးစိုက်ကြည့်နေမိ၏။

ထိုအခါ အဆောင်ရှေ့ ပန်းခြံ၏ခုံတန်းလျား၌ ထိုင်နေသော အဘွားအိုတစ်ဦးကို တွေ့လိုက်ရ၏။

အဘွားအိုမှာ ဆံပင်များ ဆွတ်ဆွတ်ဖြူနေသလို ကွမ်းသီးလုံးပမာဏရှိ ဆံထုံးသေးသေးလေးပေါ်၌ ဆံထိုးဖြင့် ထိုးစိုက်ထား၏။

အဘွားအို ဝတ်ဆင်ထားသော အဝတ်များမှာ လွန်စွာ ဟောင်းနွမ်းနေသည့် ယောဂီဝတ်စုံပင် ဖြစ်၏။

သူမ ထိုသို့ ငေးစိုက်ကြည့်နေစဉ်မှာပင် အဘွားအို၏ ခေါင်းမှာ တဖြည်းဖြည်း မော့လာ၏။

သူမအား မြင်တွေ့သွားပြီး စူးစိုက်ကြည့်လျက်·ရှိနေသ ၏။

အဘွားအို၏အကြည့်ကြောင့် သူမမှာ အမျိုးအမည်မခွဲ

www.burmeseclassic.com

www.burmeseclassic.com



ခြားနိုင်သော ခံစားမှုများ ဖြစ်သွားရပြီး ကျောစိမ့်သလို ရှိန်းခနဲ ဖြစ်သွားရ၏။

သူမ … ဘာကြောင့်မှန်းမသိဘဲ အဘွားအိုရှိရာသို့ သွားချင်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာ၏။

ထို့ကြောင့် လူနာဆောင်မှ တိတ်တဆိတ် ထွက်ခဲ့မိလေ၏။

သူမ … ဆေးရုံ၏စင်္ကြံလမ်းအတိုင်း အဆောင်ပြင်ပသို့ ထွက်ခဲ့မိ၏။

အဆောင်ပြင်သို့ရောက်လျှင် အဘွားအိုမှာ ပန်းခြံနံဘေး၌ ရှိ ခုံတန်း၌ မရှိတော့ချေ။

သူမ ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်မိ၏။

ထိုအခါ ဆေးရုံ၏ဝင်းတံခါးအနီးသို့ တရွေ့ရွေ့ လျှောက်သွားသော အဘွားအိုအား မြင်လိုက်ရလေ၏။

သူမ အဘွားအိုနောက် ပြေးလိုက်သွားမိ၏။

နောက်မှ ပြေးလိုက်လာသော ခြေသံကြောင့် အဘွားအိုမှာ ခြေလှမ်းတုံ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူမအား လည်ပြန်ကြည့်လျက် သူမနှင့် မျက်နှာချင်းဆိုင်သို့ လှည့်လာ၏။

အဘွားအိုမှာ သူမအား စေ့စေ့ကြည့်လျက် ...

"နင်ဟာ ... ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ် မိနစ်တိတိမှာ သေဆုံးရလိမ့်မယ်၊ နင်သေမယ့် အချိန်ဟာ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်မိနစ် တိတိပဲ"

အဘွားအိုထံမှ ထွက်လာသော ဩရရှအသံကြီးနှင့် အားကြောင့် သူမ အကြီးအကျယ် တုန်လှုပ်သွားရ၏။

သူမ အံ့ဩမှင်တက်နေစဉ်မှာပင် အဘွားအိုမှာ အမှောင် အတွင်းသို့ တရွေ့ရွေ့ လျှောက်သွားတော့၏။

သူမ မျက်စိတဆုံး ငေးကြည့်နေစဉ်မှာပဲ အဘွားအိုမှာ မြင်ကွင်းရှေ့မှ ပျောက်ချင်းမလှ ပျောက်သွားလေ၏။

"ငါဟာ ... ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ် မိနစ်မှာ သေရမယ်ဆိုပါလား၊ အဘွားအိုက ဘယ်သူလဲ၊ ဘာလို့ ငါသေမယ့်နေ့ကို ကြိုသိ

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ၊ ဘုရား ... ဘုရား ... ကြောက်ဖို့ကောင်းလိုက်တာ”

သူမ ထိုသို့ တွေးမိစဉ်မှာပဲ ‘တဂျုန်းဂျုန်း’ ... အသံကို ကြားလိုက်ရ၏။

ထိုကြောင့် အဆောင်သို့ ပြန်လျှောက်ခဲ့ရင်း ကြည့်လိုက်ရာ စင်္ကြံလမ်းအတိုင်း တွန်းလာသည့် အလောင်းတင်လှည်းတစ်စီးကို မြင်ရလေ၏။

အလောင်းတင်သည့်လှည်းကို တွန်းလာသော သူနာပြုဆရာမမှာ သူမကိုမြင်လျှင် ...

“ဘယ်လိုဖြစ်တာလဲ လူနာ၊ ဒီအချိန်က အိပ်ဆောင်မှာပဲ ရှိရမှာလေ၊ အိပ်ဆောင်ကို ပြန်သွားပါ”

ဟု မျက်မှောင်ကြုတ်လျက် လှမ်းပြော၏။

အပျိုကြီးမအိမ်ပွင့်သည် လှည်းအနီးသို့ လျှောက်သွားရင်း ...

“ဟုတ်ကဲ့ပါ ဆရာမရယ်၊ ကျွန်မ အသက်

www.burmeseclassic.com

www.burmeseclassic.com



ရှူမဝလို့ အဆောင်ပြန်ထွက်ပြီး လမ်းလျှောက်မိတာပါ၊ ခုပဲ ပြန်ပါ့မယ်"

ဟု ဆို၍ အလောင်းအား မျက်လုံးဝှေ့ကြည့်မိ၏။

အလောင်း၏ကိုယ်ပေါ်လွှမ်းထားသော ပိတ်ဖြူစမှာ ကိုတယ်တစ်ဝက်သာ ဖုံးအုပ်ထားသဖြင့် မျက်နှာအား မြင်နေရ၏။

သူမ ... အလောင်း၏မျက်နှာကိုမြင်လျှင် အကြီးအကျယ် ထိတ်လန့်သွားမိ၏။

ဖြူဆွတ်နေသော ဆံပင်များနှင့် ဆံထုံးသေးသေးလေးကို ဆံထိုးစိုက်ထားသည့် အဘွားအို၏မျက်နှာ ...

"ဟင် ... သူ ... သူက"

သူမ ပါးစပ်ကို လက်ဖြင့် အုပ်လျက် ရေရွတ်လိုက်မိ၏။

သူနာပြုဆရာမက အပျိုကြီး၏ ထိတ်လန့်ဟန်ကို ကြည့်၍ ...

"ဟုတ်တယ်ရှင့် ... သူက ဒီမြို့မှာနာမည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးနေတဲ့ အကြားအမြင်ဆရာမကြီး ဒေါ်အိုစာ ပါပဲ၊ ပြီးခဲ့တဲ့ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ် မိနစ်အချိန်မှာပဲ သူ သေဆုံးသွားရှာတယ်၊ အင်း ... သူသေဆုံးကြောင်း သူ့ရဲ့တပည့်သားသမီး တွေသိရင် ဘယ်လောက်တောင် ယူကျုံးမရဖြစ် ကြမလဲ မသိဘူး၊ ကဲ ... ကဲ ... ရှင်လည်း စိတ်မကောင်း ဖြစ်မနေပါနဲ့၊ အိပ်ဆောင်ကိုသာ ပြန်သွားပါတော့"

ဟု ဆိုရင်း အလောင်းတင်လှည်းအား ဆက်တွန်းသွား တော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

သူမ ... လှနာဆောင်ထဲ ပြန်ရောက်သောအခါ ဘေးခုတင်မှ မိန်းမကြီးသည် သူမအား လှမ်း၍ ...

"ဘယ်တွေသွားနေတာလဲ မအိမ်ပွင့်၊ ငါ နိုးနေတာ ကြာပြီ၊ ညည်းကို မတွေ့ရဘူး"

ဟု လှမ်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လူနာခုတင်ထက် လှဲချလိုက်ရင်း

"ဒီမယ် ဒေါ်သစ်ကြီးရဲ့ ... ကျွန်မ အရမ်း

ထူးဆန်းတဲ့ အဖြစ်အပျက်နဲ့ ကြုံခဲ့ရတယ်"

ဟု ပြောလိုက်ရာ ဒေါ်သစ်ကြီးဆိုသော မိန်းမကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"ဘာများလဲဟဲ့ ... နင့်ကြည့်ရတာ ပြူးတူး

ပြဲတဲနဲ့၊ ပြောစမ်းပါဦး"

ဟု ပြောလိုက်ရာ ဒေါ်သစ်ကြီးဆိုသော မိန်းမကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"ဘာများလဲဟဲ့ ... နင့်ကြည့်ရတာ ပြူးတူး

ပျာတာနဲ့၊ ပြောစမ်းပါဦး"

ဟု စိတ်ဝင်တစား မေးမြန်း၏။

အပျိုကြီး မအိမ်ပွင့်တစ်ယောက် လူနာခုတင်ထက် တင်ပျဉ်ခွေထိုင်ရင်း သူမ ကြုံခဲ့သည့်အဖြစ်အား အာပေါင်အာရင်း သန်သန်ဖြင့် ပြောပြလိုက်လေ၏။

ဒေါ်သစ်ကြီးသည် သူမ၏စကားကို စိတ်ဝင်တစား နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်လျက် စကားဆုံးလျှင် သူမအား မျက်လုံးကြောင်ကြီးဖြင့် ငေးကြည့်၍ ...

"အိမ် ... အိမ်ပွင့် ... ညည်းရောဂါက နှလုံးရောဂါဆိုတာ သေချာရဲ့လားဟင်"

ဟု မဆီမဆိုင် မေးလိုက်၏။

"အင်း ... သေချာပါတယ် ဒေါ်သစ်ကြီးရဲ့၊ ဘာဖြစ်လို့လဲ"

အပျိုကြီး၏အဖြေကြောင့် ဒေါ်သစ်ကြီးမှာ ခေါင်းယမ်းလျက် ...

"ငါကတော့ ညည်းစိတ်က ပုံမှန်မဟုတ်ဘူးလို့ ထင်တာပဲ၊ အကြားအမြင်ဆရာကြီး ဒေါ်အိုစာကို ငါသိပါတယ်၊ ဒီမြို့မှာ နာမည်ကြီးတစ်ယောက်ပဲ၊ ငါကိုယ်တိုင် စီးပွားရေးမပြေလည်လို့ သူ့ဆီသွားပြီး မေးမြန်းကြည့်ဖြစ်သေးတယ်၊ သူ ဆုံးပါးသွားတဲ့အတွက်တော့ တကယ်ကို စိတ်မကောင်းစရာပဲဟေ့၊ ဒါပေမဲ့

www.burmeseclassic.com



... ညည်းရဲ့ပြောစကားအရ သေတဲ့လူက ညည်းရဲ့သေမယ့်အချိန်ကို မျက်ဝါးထင်ထင်ကြီး ပြောခဲ့တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ လူတစ်ယောက်ဟာ အသက်ထွက်ခါနီးအချိန်မှာ သူ့ရဲ့ဆွေမျိုးသားချင်းတွေဆီပဲ လိပ်ပြာလွင့်နေမှာပေါ့၊ ညည်းက အရှင်လတ်လတ်ကြီး တွေ့တယ်ဆိုတာ ဘယ်လိုမှ ယုံနိုင်ဖွယ်မရှိဘူး၊ ဒါကြောင့် ... ဘာမှမပြောနဲ့တော့၊ ငါ အိပ်ပြီဟေ့"

ဟု ဆိုကာ အိပ်ရာထက် လှဲချလျက် တစ်ဖက်သို့ စောင်းလှည့်သွားတော့၏။

"ငါ့များ စိတ်ပုံမှန်မဟုတ်ဘူးလေး, ဘာလေးနဲ့၊ ငါ တကယ်ကြုံခဲ့လို့ ပြောပြတဲ့ဟာကို၊ ဘာပဲဖြစ်ဖြစ် ... ဒီမိန်းမကြီး ယုံတာ, မယုံတာ အရေးမကြီးဘူး၊ ဒေါ်အိုစာပြောတဲ့အတိုင်း ငါဟာ တကယ်ပဲ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်

www.burmeseclassic.com



မိနစ်မှာ သေဆုံးရမှာလား၊ ဘာကြောင့် အဲဒီ အချိန်ကရော ဒေါ်အိုစာ သေဆုံးခဲ့တဲ့ အချိန် ဖြစ်နေရတာလဲ၊ ဘုရား … ဘုရား … သူပြော တဲ့အတိုင်း တကယ်သာ ဖြစ်မယ်ဆိုရင် တစ် နေ့မှာ ငါဟာ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ် မိနစ် အချိန်ရောက်တိုင်း သတိထားနေရတော့ မယ်၊ မွန်းလွဲအချိန် ဖြစ်နိုင်သလို၊ သန်းခေါင် အချိန်လည်း ဖြစ်နိုင်တယ်၊ ကြောက်ဖို့ကောင်း လိုက်တာ”

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

အပျိုကြီးမအိမ်ပွင့်တစ်ယောက် ထိုအချိန်မှစ၍ နေ့နှင့် ညဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်မိနစ်တိတိရောက်တိုင်း ရင်ထိတ်လျက် အကြီးအကျယ် စိတ်ချောက်ချားမိလေ၏။

နေ့စဉ်ရက်ဆက် စိုးရိမ်စိတ် ကြီးစိုးနေခြင်းကြောင့် အအိပ်အစားပျက်ကာ လူပင် ချုံးကျသွားရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ခုတင်နံဘေးရှိ သစ်သားစားပွဲ၌ ကုန်ဆုံးပြီး တိုင်း ၁၂း၄၇ ဆိုသည့် စာကို သံချွန်ဖြင့် ရေးခြစ်ထားလေ့ရှိ၏။

နှလုံးအထူးကုဆရာဝန်ကြီး ရောင်းလှည့်သောနေ့၌ ဆရာဝန်ကြီးသည် သူမ၏အခြေအနေကို ကြည့်၍ ...

"ဘယ်လိုဖြစ်ရတာလဲ မအိမ်ပွင့်၊ ဆေးကု သမျှ ခံယူတဲ့ လူနာတစ်ယောက်ဟာ ရောဂါ သက်သာဖို့ပဲ ရှိပါတယ်၊ ခင်ဗျားရဲ့ ရောဂါ အခြေအနေက သိပ်မဆိုးဘဲ ဘာကြောင့် ပိုး ဟပ်ဖြူလို ဖြစ်နေရတာလဲ၊ ခင်ဗျား ... အစားအ သောက်ရော ပုံမှန် စားဖြစ်ရဲ့လား၊ တခြားစိတ် ရှုပ်ထွေးစေမယ့်အကြောင်းရော ရှိနေသလား" ဟု မေးမြန်းလေ၏။

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မ အစားကို ပုံမှန်စားပါတယ်၊ စိတ် ... စိတ်ရှုပ်ထွေးစရာ လည်း ဘာမှမရှိပါဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



မအိမ်ပွင့်၏အဖြေအား ဆရာဝန်ကြီးမှာ အလိုကျဟန် မတွေ့ဘဲ သူနာပြုထံမှ သူမနှင့်ပတ်သက်သော ဆေးမှတ်တမ်းကို တောင်းယူကြည့်ရှုလေ၏။

ထို့နောက် စိတ်မသက်မသာဟန်ဖြင့် ခေါင်းခါယမ်းကာ အခြားအဆောင်သို့ လျှောက်သွားတော့၏။

ဆရာဝန်ကြီး ထွက်သွားလျှင် မအိမ်ပွင့်သည် ဘေးခုတင်ရှိ ဒေါ်သစ်ကြီးကို လှမ်း၍ ...

"ဘယ်အချိန် ရှိပြီလဲ အဒေါ်"

ဟု မေးလိုက်မိ၏။

ဒေါ်သစ်ကြီးမှာ ခေါင်းအုံးအောက်မှ လက်ပတ်နာရီကို ထုတ်ယူကြည့်လျက် ...

"နေ့ခင်း တစ်နာရီခွဲနေပြီ အိမ်ပွင့်၊ ညည်း ဘာလုပ်မလို့လဲဟင်"

ဟု မေးလိုက်ရာ မအိမ်ပွင့်မှာ ရင်ဘတ်ဖိလျက် ...

"အမယ်လေး ... တော်ပါသေးရဲ့၊ ဒီနေ့အဖို့ ကျွန်မ .. မသေနိုင်တော့ဘူး၊ မသေနိုင်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



တော်သေးတယ် … တော်သေးတယ်”

ဟု အသိစိတ်လွတ်သူတစ်ယောက်နှယ် ရေရွတ်လိုက်၏။

ဒေါ်သစ်ကြီးမှာ သူမအား မျက်လုံးပြူးကြီးဖြင့် ကြည့်မိရင်း စိတ်မသက်မသာဟန်ဖြင့် ခေါင်းခါယမ်းမိလေ၏။

*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

“ချောက် ... ချောက် ... ချောက် ... ချောက်”

အပျိုကြီးမအိမ်ပွင့်သည် ဒေါ်သစ်ကြီးထံမှ ငှားယူထား
ာ နာရီလေးကို ခေါင်းအုံးပေါ်တင်လျက် နာရီ၏စက္ကန့်တံ
း စိတ်လှုပ်ရှားစွာ ငေးစိုက်ကြည့်နေမိ၏။

“ဘုရား ... ဘုရား ... ညဆယ့်နှစ်နာရီနဲ့

www.burmeseclassic.com

www.burmeseclassic.com



မိနစ်နှစ်ဆယ်တောင် ရောက်နေပြီ၊ ဒီနေ့ညကို ရော ငါ ကျော်ဖြတ်နိုင်ပါ့မလား၊ ဒီည ... ငါ့ရဲ့ ကံကြမ္မာ ဘာဖြစ်နိုင်သလဲ”

အတွေးနှင့်အတူ သူမ ချောက်ချားစိတ်မှာ အမြင့်ဆုံးသို့ ရောက်ရှိသွား၏။

“အို ... ဒေါ်အိုစာ ငါ့ကို နိမိတ်ဖတ်သွားတာ ပဲ (၇) ရက်တိတိ ရှိနေပြီ၊ ငါ ဖြတ်ကျော်ခဲ့ တဲ့ ၁၂း၄၇ မိနစ်တွေလည်း မနည်းတော့ဘူး၊ မကြာခင် ရောက်တော့မယ့်အချိန်ကိုလည်း ငါ အကောင်းပကတိ ကျော်ဖြတ်နိုင်မှာ၊ ဟုတ် တယ် ... ခုချိန်မှာ ငါ့ကျန်းမာရေးလည်း သိပ် ကောင်းနေတယ်၊ ခေါင်းမူးခေါင်းကိုက်တောင် မရှိဘူး၊ သူများ သတ်လို့ သေရအောင်လည်း ဆေးရုံပေါ်မှာ ငါနဲ့ ရန်ငြိုးရှိတဲ့လူ ဘယ်သူမှ မရှိဘူး၊ မတော်တဆ ထိခိုက်မှုဖြစ်ရအောင် လည်း ငါက ခုတင်ပေါ်က အောက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းတာ မဟုတ်ဘူး၊ ဒေါ်အုံ့စာရဲ့ နိမိတ်စကား

ဟာ ငါ့အတွက် မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး”

အတွေးနှင့်အတူ သူမ ပတ်ဝန်းကျင်အား မျက်လုံးဖွေ့ ကြည့်မိ၏။

လူနာအားလုံး ခုတင်အသီးသီးမှ ငြိမ်သက်လျက် …

တချို့သော လူနာများမှာ ဟောက်သံပင်ထွက်လျက် အိပ်မောကျနေကြ၏။

သူမ … နာရီအား ကြည့်မိပြန်ရာ ဆယ့်နှစ်နာရီကို မိနစ်သုံးဆယ်သို့ ရောက်ရှိနေကြောင်း တွေ့ရလေ၏။

တချောက်ချောက်ပြေးနေသော စက္ကန့်တံနှင့်အတူ သူမ ၏ရင်အစုံမှာ တဒုတ်ဒုတ် မြည်လျက် ရှိနေ၏။

‘ကျွိ’

နားထဲ သဲ့သဲ့တိုးဝင်လာသောအသံကြောင့် သူမ ဆတ် ခနဲ တုန်သွား၏။

လူနာဆောင်၏အဝသို့ ကြည့်မိရာ စေ့ထားသော တံခါး မှာ လူတစ်ကိုယ်ဝင်စာမျှ ဟ,နေကြောင်း တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ ... အိပ်ရာထက် ဆောင့်ကြောင့်ထိုင်ရင်း ခေါင်းရင်းဘက် တိုးကပ်မိ၏။

တံခါးဝသို့ ကြည့်နေစဉ်မှာပင် ခုတင်၏ညာဘက်၌ လူရိပ်တစ်ခု ပေါ်လာသလို ခံစားလိုက်ရ၏။

ရင်တစ်ခုလုံး ဒိန်းခနဲ ခုန်သွားပြီး ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

ထိုအခါ သူမအား ကျောပေးလျက် တရွေ့ရွေ့ လျှောက်လာသော လူရိပ်ကို မြင်ရလေ၏။

ထိုအခိုက်မှာပင် လျှပ်စစ်မီးများသည် ရုတ်ခြည်း ပြတ်တောက်သွားသဖြင့် သူမ ...

"အမယ်လေး"

ဟု ယောင်ယမ်း အော်ဟစ်လိုက်မိ၏။

အလင်းနှင့်အမှောင် ရုတ်ခြည်း ပြောင်းလဲသွားမှုကြောင့် သူမ မြင်သည့်အရာအားလုံး အမှောင်အတိ လွှမ်းလျက် ...

"ရှပ် ... ရှပ် ... ရှပ် ...

ရှပ် ... ရှပ် ... ရှပ် ...

www.burmeseclassic.com

www.burmeseclassic.com



ချောက် ... ချောက် ... ချောက် ...

ဒုတ် ... ဒုတ် ... ဒုတ် ...”

ရှပ်တိုက်လျှောက်လာသည့် လူတစ်ယောက်၏ခြေသံ။

တချောက်ချောက်မြည်နေသည့် နာရီ၏စက္ကန့်တံ။

တဒုတ်ဒုတ်မြည်နေသည့် သူမ ရင်ခုန်သံ။

မှောင်ကြီးမည်းမည်းထဲ ခေါင်းလည်မတတ် ကြည့်ရင်း သူမ အသက်ရှူမွန်းကျပ်လာ၏။

နှလုံးခုန်နှုန်းမြင့်တက်လာသလို နားထင်သွေးများပင် တဒိတ်ဒိတ် ဆောင့်လျက် ရှိနေ၏။

ခုတင်၏သံတိုင်အား ဆုပ်ကိုင်ထားသော သူမ၏လက်များမှာ ချွေးစေးပြန်လျက် တဆတ်ဆတ် တုန်ယင်နေမိ၏။

ထိုအခိုက်မှာပင် ရှပ်တိုက်သွားနေသော ခြေသံမှာ ပျောက်ကွယ်သွား၏။

သူမ နဖူးချွေးများ ပြန်လာရင်း မျက်လုံးအစုံ ပြူးကျယ်နေချေပြီ။

ထိုစဉ် ... လျှပ်စစ်မီးများ ဖျတ်ခနဲ ပြန်လင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ တွေ့လိုက်ရသည်က ယောကျ်ားတစ်ယောက်၏နောက်ကျော။

စပို့ရှပ်အစိမ်းနှင့် ဘောင်းဘီအနက် ဝတ်ထားသည့် ယောကျ်ားတစ်ယောက်။

သူမ ... အသက်ရှူရပ်မတတ် ထိတ်လန့်တကြီး ကြည့်နေတုန်းမှာပဲ ထိုယောကျ်ားဟာ သူမဘက် တဖြည်းဖြည်း လှည့်လာ၏။

သူမနှင့် လက်တစ်ကမ်းအကွာ၌ ရပ်နေသော ထိုလူ... ၎င်း၏ကိုယ်က တဖြည်းဖြည်း လှည့်လာချေပြီ။

သူမ ... ချောက်ချားစိတ်ကြောင့် တစ်ကိုယ်လုံး တောင့်တင်းသွားရ၏။

ထိုအခိုက်မှာပင် ထိုလူသည် သူမရှိရာသို့ 'ဝုန်း'ခနဲ ရောက်ရှိလာပြီး ၎င်း၏မျက်နှာကြီးမှာ သူမ၏မျက်နှာနှင့် ထိကပ်လုနီးပါး ဖြစ်သွားရ၏။

သူမ ... ပြူးကျယ်သောမျက်လုံးဖြင့် ...

"အမယ်လေး ... သက် ... သက်ယောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်ကာ ခုတင်အောက်သို့ 'ဝုန်း' ... ခနဲ နောက်ပြန် ပြုတ်ကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

'ဝုန်း' …

ခနဲ အသံကြောင့် လှူနာဆောင်ရှိ လူအားလုံး လန့်ဖျပ်သွားကြသလို နိုက်တာဝန်ကျဆရာဝန်နှင့် သူနာပြုများ တဝုန်းဝုန်း ရောက်ရှိလာကြ၏။

၎င်းတို့သည် ခုတင်အောက်သို့ ပြုတ်ကျနေသော အဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးမအိမ်ပွင့်အား ပွေ့ချီလျက် အိပ်ရာပေါ် ပြန်တင်လိုက်ကြ၏။

ဆရာဝန်များ စမ်းသပ်စစ်ဆေးရာ မအိမ်ပွင့်တစ်ယောက် အသက်ကင်းမဲ့သွားပြီဖြစ်ကြောင်း သိလိုက်ရလေ၏။

ဆရာဝန်သည် ပြူးကျယ်နေသော မအိမ်ပွင့်၏မျက်လုံးအား လက်ဖြင့် သပ်ချရင်း ...

"သိပ်အံ့သြဖို့ ကောင်းတယ်ဗျာ၊ ဒီလူနာဟာ ... နှလုံးအားနည်းလို့ ဆေးရုံမှာ အနားယူပြီး ကုသမှုခံယူနေတဲ့ လူတစ်ယောက်ပါ၊ သူဒီလို ရုတ်တရက် သေဆုံးမယ်လို့ ဘယ်လိုမှ ထင်မထားဘူး၊ သူ့ရဲ့ဝေဒနာက အသက်အန္တရာယ်မရှိပေမယ့် ရုတ်တရက်ကြီး နှလုံးရပ်သေဆုံးတာ သိပ်ထူးဆန်းနေတယ်၊ သူ့ကြည့်ရတာ တစ်ခုခုကို အကြီးအကျယ် ကြောက်လန့်သွားပုံပဲ၊ ကဲ ... ကဲ ... ဆရာမတို့ လုပ်စရာရှိတာ ဆက်လုပ်ကြပါ၊ လူနာရဲ့မိသားစုကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ချက်ချင်း အကြောင်းကြားလိုက်ပါ”

ဟုဆို၍ စိတ်မသက်သာဟန်ဖြင့် ထွက်ခွာသွားကြလေ၏။

သူနာပြုများသည် မအိမ်ပွင့်၏ကိုယ်ပေါ်၌ ပိတ်ဖြူစဖြင့် လွှမ်းခြုံလိုက်ကြ၏။

ဘေးခုတင်ရှိ ဒေါ်သစ်ကြီးမှာ မအိမ်ပွင့်၏မထင်မှတ်သောအဖြစ်ကြောင့် ကျောက်ရုပ်လို ငြိမ်သက်ရင်း ငေးစိုက်ကြည့်နေရှာ၏။

ဒေါ်သစ်ကြီးသည် မအိမ်ပွင့်၏ခေါင်းအုံးပေါ်ရှိ သူမ၏ နာရီလေးကို လှမ်းယူလိုက်၏။

နာရီအား ကြည့်မိရာ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်မိနစ်အချိန်၌ စက်ရပ်နေကြောင်း တွေ့ရလေ၏။

သူမ ... အကြီးအကျယ် တုန်လှုပ်သွားပြီး မျက်ရည်များ ရစ်ဝဲလျက် ...

“ဘုရား ... ဘုရား ... တိုက်ဆိုင်မှုဒ

ကြောက်ဖို့ကောင်းလိုက်တာ၊ အိမ်ပွင့်ဟာ ...

www.burmeseclassic.com

www.burmeseclassic.com



၁၂း၄၇ မိနစ် ရောက်မှာ သိပ်ကြောက်ခဲ့တယ်၊ အခု နာရီကလည်း ဒီအချိန်မှာပဲ စက်ရပ်နေပါလား၊ လောကမှာ မမြင်နိုင်တဲ့ ထူးဆန်းတဲ့ ကံကြမ္မာဆိုတာ တကယ်ရှိနေပါလား၊ အိမ်ပွင့်ရယ် ... နင့်အတွက် ငါ တကယ်ကို ယူကျုံးမရ ဖြစ်မိပါတယ်၊ နင်ပြောခဲ့တဲ့ စကားတွေ ... နင်နဲ့ပတ်သက်တဲ့ ထူးဆန်းတဲ့ တိုက်ဆိုင်မှုတွေက ငါ့ဘဝမှာ ဘယ်တော့မှ မေ့လို့ရမှာမဟုတ်တော့ ပါဘူး"

ဟု တီးတိုးရေရွတ်ကာ မျက်ရည်များ လိမ့်ဆင်းလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# စာတင်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

ပွင့်ဝါတစ်ယောက် အနီရောင်ပန်းစည်းအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အုတ်ဂူတစ်ခုအနီးသို့ တရွေ့ရွေ့ လျှောက်သွား၏။

အုတ်ဂူ၏ဘေးသို့ရောက်လျှင် ပန်းစည်းကို ဂူပေါ်တင်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ မအိမ်ပွင့်ရယ် ... နင်ဟာ သူများ ထက်ပိုပြီး အယူသီးမှုတွေ များခဲ့တယ်၊ ပရလောကဆိုတာကို အစွန်းရောက်အောင် ယုံကြည်ခဲ့တယ်၊ နင်နဲ့အတူ ဆေးရုံတက်ခဲ့တဲ့ ဒေါ်သစ်ကြီးရဲ့ ပြောပြချက်အရ ... နင် နောက်ဆုံး ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက်တွေ, ခံစားမှုတွေကို ငါ သိခဲ့ပြီးပါပြီ၊ တကယ်တော့ နင်ဟာ ... စိတ်ချောက်ချားမှုကြောင့် အချိန်မတိုင်ဘဲ လူလောက,ကနေ ထွက်ခွာသွားခဲ့ရတယ်၊ နင့်ရဲ့ ကြောက်စိတ်က နင့်အသက်ကို ပြန်နုတ်သွားတာပဲ အစ်မရယ်၊ ဆေးရုံမှာ ရှိနေတဲ့ ကာလတစ်လျှောက်လုံး ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်မိနစ်ဆိုတဲ့ စိတ်ရဲ့ချောက်ချားမှု ထောင်ချောက်ထဲမှာ နင် ရောက်နေခဲ့ရတယ်၊ နင့်ကို ငါ အရမ်းသနားတယ် အစ်မရယ်၊ ငါ့အတွက် အဖက်ဖက်က အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ အစ်မတစ်ယောက် ဆုံးရှုံးခဲ့ရတာ ငါ တကယ်ကို ယူကျုံးမရ ဖြစ်မိပါတယ်၊ ဖြစ်လေရာ ဘဝမှာ တစ်ဖက်စွန်းရောက်အောင် စိတ်ချောက်ချားတတ်တဲ့ လူတစ်ယောက် မဖြစ်ဖို့ ငါ ဆုတောင်းပေးလိုက်ပါတယ်၊ နောက်ဆုံးထွက်သက်အထိ နှင့်ရဲ့စိတ်မှာ စွဲထင်သွားတဲ့ ဆယ့်နှစ်နာရီ လေးဆယ့်ခုနစ်မိနစ်ဆိုတဲ့အချိန်ကို ငါ့ဘဝမှာ ... အဲဒီအချိန်ကျရောက်တိုင်း နှင့်ကို လွမ်းဆွတ်နေမိမှာ အမှန်ပဲ အစ်မရယ်၊ ငါ ... ငါ ... ဘယ်တော့မှ နှင့်ကို မမေ့ပါဘူး” ဟု တုန်ယင်သောအသံဖြင့် ရေရွတ်ရင်း ချုံးပွဲချငိုကြွေး လိုက်လေတော့၏။

★

# “၁၂း၄၇ မိနစ်”

## သူယောင်မယ်

www.burmeseclassic.com